ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ သောကြာနေ့၊ (3-3-2006) (၄၈၈၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် VCD တိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြ မည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူ ဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃-၃-၂၀၀၆
(သောကြာနေ့)

အင်ဒိုနီးရှားသမ္မတကြီး၏ ချစ်ကြည်ရေးခရီးစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၁ ရက်နေ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိလာခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။ ထို့အပြင် ဧည့်သည်တော်သမ္မတကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး ကြွေးကြော်သံများကို ကြွေးကြော်၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးကာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့်လည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထား၍ ဆက်ဆံလျက် ရှိသည်။ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များသည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်လည်း ချစ်ကြည်ရေးခရီးစဉ်များလည်းပတ်လျက်ရှိကြသည်။

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ချစ်ကြည်ရေးခရီးစဉ် အတွင်းပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မတ်လ ၁ ရက်နေ့ ညနေပိုင်းက ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတကြီးနှင့်အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်တစ်ရပ် တည်ထောင်မှုနှင့် ပတ်သက်သော နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သော ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်မှုကို မြှင့်တင်ရန်ဟူသည့် ရည်ရွယ်ချက်ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လာရောက်လည်ပတ်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသော ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မြဲစေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊



သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မန္တလေးစက်မှုဇုန်ရှိ ဂျူဝယ်လာရီလက် သစ်ပါးလွှာနှင့် အထပ်သား စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။(သစ်တောရေးရာ)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် သစ်အခြေခံစက်ရုံများ စစ်ဆေး

ရန်ကုန် မတ် ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၂၅ရက်တွင် မန္တလေးတိုင်း အမရပူရ မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၏ သစ်အခြေခံစက်မှုလုပ်ငန်းဌာန အမှတ်(၂–က)ပုံဖော်စက်ရုံသို့ ရောက်ရှိရာ စက်ရုံနှင့်ဖက်စပ်လုပ်ကိုင်သည့် Myanmar Teak Wood Industry မှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်စိန်က စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြ၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်နေမှု အဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂–ခ)ပုံဖော် စက်ရုံသို့ ရောက်ရှိရာ စက်ရုံဧည့်ခန်းမ၌ စက်ရုံနှင့် ဖက်စပ်လုပ်ကိုင်သည့် Win and Win Company မှမန်နေဂျင်း ဒါရိုက်တာ ဦးဝင်းဆွေက စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံအတွင်း လှည့်လည်၍ သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ သစ်ပါးလွှာထုတ်လုပ်မှုအဆင့်ဆင့်နှင့် နိုင်ငံခြားတင်ပို့မည့် သစ်ခွဲသားများ၊ သစ်ပါးလွှာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးစက်မှုဇုန်ရှိ ဂျူဝယ်လာရီလက် သစ်ပါးလွှာနှင့် အထပ်သား စက်ရုံသို့ ရောက်ရှိရာစက်ရုံဧည့်ခန်းမ၌ဒါရိုက်တာ ဦးအေးထွန်းရွှေနှင့် တာဝန်ရှိသူများက စက်ရုံနှင့်စပ်လျဉ်းသည်များကိုရှင်းလင်းတင်ပြကြသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံအတွင်း သစ်ပါးလွှာနှင့် အထပ်သား ထုတ်လုပ်နေမှုနှင့် နိုင်ငံခြားတင်ပို့ရန် ထုပ်ပိုးထားရှိမှု၊ စွန့်ပစ်အမှိုက်များနှင့် သစ်ဖြတ်စများမှ Bio Gas ထုတ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။အဆိုပါ Wood Gas စက်ရုံသည် သစ်ဖြတ်စများနှင့် လွှစာမှုန့်များမှ ထွက်ရှိသည့် Bio Gasကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အားပေးစက်ကို လည်ပတ်ခြင်းဖြစ်သည်။
(သတင်းစဉ်)

တပေါင်းလပြည့်နေ့ ယာဉ်အခမဲ့ပြေးဆွဲမည်

ရန်ကုန် မတ် ၂

လှိုင်သာယာမြို့နေ ဦးခင်အောင်–ဒေါ်ခင်မြင့်သူ မိသားစုက မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ–၂၉၁၅၊ ၁က–၇၀၈၀၊ ၆က–၇၇၁၅၊ ၅က–၃၂၀၉ ယာဉ်လေးစီးဖြင့် တပေါင်းလပြည့်နေ့ (မတ် ၁၃ရက်)တွင် အခမဲ့ယာဉ်ဆိုင်းဘုတ်များ ချိတ်ဆွဲလျက် ၁၂၈လိုင်း လှိုင်သာယာ–ဝေဘာဂီ၊ ၅၄လိုင်း ပုဇွန်တောင်–ABC – လှိုင်သာယာ – နည်းပညာတက္ကသိုလ်၊ ၁၂၉ လိုင်း လှိုင်သာယာ–ဆူးလေသို့ တစ်နေကုန် ကုသိုလ်ဖြစ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

လသာ အထက(၂) ဆုရကျောင်းကောင်စီဆုချီးမြှင့်

ရန်ကုန် မတ် ၂

လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ဘက်စုံဆုရကျောင်းကောင်စီ အသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ခြင်းနှင့် ဆရာမများနှင့်ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် အဆိုပါကျောင်း မြသီလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးက ကျောင်းကောင်စီအသင်းတံခွန်စိုက်ဒိုင်းဆုရ ဘုရင့်နောင်အသင်းအား တံခွန်စိုက် ဒိုင်းဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**ထို့နောက် ဘက်စုံပညာရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြသော ဆရာမများအား ဂုဏ်ပြုလက်ဆောင်ဝတ်စုံများကို ပေးအပ်သည်။
(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံ သံအမတ်ကြီး **H.E. Mr. Wyoso Prodjo-warsito** နှင့် ဇနီးနှင့် သံရုံးအဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင် ဧည့်ခန်းမသို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် VCDတိပ်ခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီ တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အထူးလေယာဉ် လှေကားအထိ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးထပ်မံနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးနှင့် ဇနီးတို့အား ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ကြသည်။

ထို့နောက် အထူးလေယာဉ်သည် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင်၍ ညနေ ၄နာရီ ၁၅မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်မှ လက်ဝှေ့ယမ်းကာ နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပခုက္ကူအသင်း(ရန်ကုန်) ဂုဏ်ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၂

ပခုက္ကူအသင်း(ရန်ကုန်)မှ ကြီးမှူး၍ ၂၀၀၆ခုနှစ် ဘွဲ့ထူး၊ ဂုဏ်ထူးများ ဆက်ကပ်ခြင်းခံရတော်မူသော ပခုက္ကူခရိုင်အတွင်းမှ သံဃာတော် အရှင်သူမြတ်များအား ဂုဏ်ပူဇာသဘင်ကို ၁၃၆၇ခုနှစ် (တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ပခုက္ကူဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ၊ နယ်သူနယ်သားများ ကြွရောက်ပူဇော်ရန် ဖိတ်ကြားထားသည်။

အလှူခံဌာနကို မတ် ၁ ရက်မှစ၍ နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ပခုက္ကူဓမ္မာရုံကြီးနှင့် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ဂေါပကရုံးခန်းတွင် ဖွင့်လှစ်ထားပြီး အလှူရှင်များသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၆၄၂၂၄၅၊ အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း-၃၈၆၈၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။ (၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ ပုလင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ English for Everyday Use
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၀ ၄။ တေးသရုပ်ဖော်အစီအစဉ်
- ၄:၄၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၃ခုနှစ်)
- ၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၈။ အတီးပြိုင်ပွဲ
- ၅:၃၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅:၄၅ ၁၀။ (၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၁၀)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်"(အပိုင်း-၁၂)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်းပိုင်း စစ်ဆေး

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့နံနက်ပိုင်းတွင် ပျဉ်းမနားဘူတာသို့ရောက်ရှိပြီး ဘူတာအဆောက်အအုံနှင့် ယာဒ်ဝင်းအတွင်း သန့်ရှင်းသာယာမှုရှိစေရေး၊ ခရီးသွားများ စိတ်ချမ်းမြေ့စွာ နားနေနိုင်ရေးနှင့် စနစ်တကျရှိရေးတို့ကို မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါ၍ DRC 101 သံလမ်းပြေးယာဉ်ဖြင့် ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်းအတိုင်း ထွက်ခွာရာ မိုင်တိုင်(၂၃၆/၁၆)နှင့် (၂၃၆/၁၇) အကြားရှိ တံတားအမှတ်(၄၄) ပေ ၁၈၀ အရှည် ပလွေးချောင်းဖြတ် သံပေါင်တံတားကိုလည်းကောင်း၊ မိုင်တိုင်(၂၄၀/၆)နှင့် (၂၄၀/၇)အကြားရှိတံတားအမှတ်(၅၇) ချောင်းမငယ်ချောင်းဖြတ် ပေ ၁၈၀ အရှည် သံပေါင်တံတားကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ မိုးရာသီ မတိုင်မီ တံတားများ ကြံ့ခိုင်မှုပြီးစီးအောင်ဆောင်ရွက်ရေး၊ ကမ်းကပ်ခံများရေတိုက်စားမှု မရှိစေရေးအတွက် ရေလမ်းကြောင်းထိန်း လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာသို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်း အမှတ်(၂၈) သစ်စက်ခန်းမဆောင်၌ ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ကျေးရွာပြည်သူများအားတွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာသို့ရောက်ရှိပြီး အမှတ်(၅၆) သစ်စက်ခန်းမဆောင်၌ ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများအား တွေ့ဆုံပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် သစ်ပုတ်ပင်ရွာနှင့် ကျေးရွာချင်း ဆက်သွယ်သောလမ်းရှိ ကျောက်မဆည်ချောင်း ချောင်းကူးတံတား တည်ဆောက်မည့်နေရာသို့ ရောက်ရှိပြီး ချောင်းကူးတံတား တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်းပိုင်းရှိ တံတားတစ်စင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

မဟာစည်တရားစခန်း

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဒေသ ကမ်းမြောင်အုပ်စု သံပုရာခုံရွာကျောင်း၌ ၁၃၆၇ခုနှစ် တပေါင်းလဆန်း ၃ရက်မှစတင်၍ ၉ရက်အထိ မဟာစည် ခုနစ်ရက်တရားစခန်းကို ဖွင့်လှစ်သည်။

မဟာစည် နာယက ဆရာတော်များ ဦးဆောင်၍ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များကို ဟောကြားပြသလျက်ရှိသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သုခလမ်း ကျောက်မြောင်းနေ ကွယ်လွန်သူ သားကြီး မောင်ချမ်းငြိမ်းဝဏ္ဏသွင် (T&M) နည်းပြ လေးနှစ်ပြည့်အား ရည်စူး၍ ဦးမျိုးသွင်-ဒေါ်မိုးဝါ၊ ညီမ ချောဝါဝါသွင် မိသားစုက ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

(၂-၃-၂၀၀၆)

မကွေး	၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

ဘုရှ်အပေါ် ကန်ပြည်သူများ၏ထောက်ခံမှု အနိမ့်ဆုံးကျဆင်း

ဝါရှင်တန် မတ် ၁

အမေရိကန်သမ္မတ ဘုရှ်၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ထောက်ခံမှုနှုန်းထားသည် လွန်ခဲ့သည့်လက ၄၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် လူထုသဘောထား စစ်တမ်းတစ်ရပ်အရ သိရသည်။

အမေရိကန်မှ အထင်ကရ ဆိပ်ကမ်းမြို့များကို ဗြိတိန်ကုမ္ပဏီထံမှ အရှေ့အလယ်ပိုင်းကုမ္ပဏီက လုပ်ငန်းအချို့လွှဲပြောင်း ရယူမည်ဖြစ်ရာ ယင်းပြဿနာအပေါ် လုံခြုံရေးနှင့်ပတ်သက်၍ အငြင်းပွားမှု ဖြစ်ပွားခဲ့ပြီးသည့်နောက် သမ္မတဘုရှ်၏ လုပ်ဆောင်မှုကို သဘောမတွေ့ခဲ့ကြခြင်းဖြစ်သည်ဟု ၅၉ ရာခိုင်နှုန်းသော တုံ့ပြန်ဖြေကြားသူများက ပြောကြားကြောင်း စီဘီအက်စ်သတင်းဌာန စစ်တမ်းတွင် ဖော်ပြထားသည်။

၇၀ ရာခိုင်နှုန်းသော အမေရိကန်ပြည်သူတို့က ဖော်ပြပါ ဆိပ်ကမ်းဌားရမ်းမှုလုပ်ငန်းကို ခွင့်မပြုသင့်ဟု ထင်မြင်ယူဆကြပြီး ၂၁ ရာနှုန်းသော ပြည်သူတို့ကမူ ခွင့်ပြုသင့်သည်ဟု ဆိုကာ ထောက်ခံခဲ့ကြသည်။

အီရတ် အရေးကိစ္စနှင့်ပတ်သက်၍ ဘုရှ်အပေါ် ထောက်ခံမှုနှုန်းသည် ဇန်နဝါရီလက ထောက်ခံမှုအောက် ၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ အမေရိကန်၏ ကြိုးပမ်းမှုများကို ၆၂ ရာခိုင်နှုန်းသော ပြည်သူတို့က ဆိုးရွားသည့်အမြင်ရှိနေကြပြီး ၃၆ ရာနှုန်းသော ပြည်သူတို့က သဘောတူ ထောက်ခံကြသည်။

ကျဆင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်နှင့် ပတ်သက်၍ သမ္မတဘုရှ်အပေါ် ထောက်ခံမှုသည် လွန်ခဲ့သည့်လက ၅၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၄၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

၅၀ ရာခိုင်နှုန်းသော ပြည်သူတို့က ဘုရှ်၏ အကြမ်းဖက်တိုက်ဖျက်ရေး အစီအစဉ်အပေါ် ထောက်ခံမှုမရှိကြပေ။

အမ်အင်အေ၊ဆင်ဟွာ။

ပညာရေးအသုံးစရိတ် တရုတ်အစိုးရ မြှင့်တင်မည်

ပေကျင်း မတ် ၁

တရုတ်ပြည်ရှိ ချမ်းသာကြွယ်ဝသောဒေသများနှင့် ကွာဟချက်ရှိနေမှု လျှော့ချနိုင်ရေးအတွက် တရုတ်အစိုးရက ဖွံ့ဖြိုးမှုနည်းပါးသော ကျေးလက်ဒေသများ၌ ပညာရေး တိုးတက်ဖွံ့ဖြိုးစေရန် အလေးပေးဆောင်ရွက်ရှိသည်။ အစိုးရသည် ပညာရေးကဏ္ဍ အသုံးစရိတ်အဖြစ် ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ) ၂ဒသမ၇ ရာနှုန်းအသုံးပြုခဲ့ရာမှ ၄ ရာနှုန်းအထိ တိုးမြှင့်သွားရန် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားသည်။

၁၁ကြိမ်မြောက် ပညာရေးငါးနှစ်စီမံကိန်းကို တနင်္ဂနွေနေ့တွင် စတင်ဖွင့်လှစ်ကျင်းပမည့် ပါလီမန်နှစ်ပတ်လည်အစည်းအဝေးတွင် တရားဝင်အတည်ပြုပေးမည်ဖြစ်သည်။ ယင်းအစီအစဉ်အရ နိုင်ငံတော်၏ ပညာရေးအရည်အသွေးခိုင်မာမြင့်မားရေးနှင့် ကျောင်းလခမပေးဘဲ ကျောင်းနေနိုင်ခွင့်ရစေရန် အလေးအနက်ထား ဖော်ဆောင်မည်ဖြစ်သည်ဟု ပညာရေးဝန်ကြီး ဇူဂျီက ပြောကြားသည်။

ကျေးလက်တွင်မသင်မနေရပညာရေး အစီအစဉ်အတွက် ငွေကြေးဖြည့်ဆည်းကာ အာမခံပေးထားမည့် ပြုပြင်မှုအစီအစဉ် မြင့်မားတိုးတက်စေရန် လေးလေးနက်နက် အကောင်အထည်ဖော်မည်ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ဆက်လက်ပြောကြားသည်။

တရုတ်ပြည်တွင် မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့သည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးသည့်ဒေသများတွင် ငွေကြေးအားနည်းမှုရှိသည့် ဒေသဆိုင်ရာအစိုးရအဖွဲ့များက မိဘများအနေဖြင့် ကျောင်းလခများပေးရန် စည်းကြပ်ထားခဲ့မှုကြောင့် ကျေးလက်မိသားစုများမှာ ငွေကြေးမတတ်နိုင်သည့်အားလျော်စွာ မူလတန်းပညာရေးဖြင့်သာ ရောင့်ရဲခဲ့ကြရသည်။

ယင်းကိစ္စအပေါ်ကိုင်တွယ်ဖြေရှင်းသည့်အနေဖြင့် နိုင်ငံအနောက်ပိုင်းဒေသရှိ မူလတန်းကျောင်းများအနေဖြင့် ယခုနှစ်မှစတင်ကာ ကျောင်းလခနှင့်အခြားငွေကြေးများ ကောက်ယူတော့မည်မဟုတ်ကြောင်း၊ ယင်းအစီအစဉ်အတိုင်း တရုတ်ပြည်အလယ်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များတွင် ၂၀၀၇ ခုနှစ်အတွင်း တိုးချဲ့ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဇူဂျီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် မှန်ဖြင့် ဆောက်လုပ်သည့် ထင်းရှူးသီးပုံသဏ္ဌာန် ဗိသုကာလက်ရာဆန်း အဆောက်အအုံကို မတ် ၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

မလေးရှားလေဆိပ်တွင် ကုန်တင်လေယာဉ်ဘီးချော်

ကွာလာလမ်ပူ မတ် ၁

မလေးရှားအရှေ့ပိုင်း ကူးချင်း နိုင်ငံတကာလေဆိပ်တွင် တနင်္လာနေ့က ကုန်တင်လေယာဉ်တစ်စင်း ဘီးချော်ခဲ့ရာ လေယာဉ်ခရီးစဉ်များကို ခေတ္တဆိုင်းငံ့ထားလိုက်ရသည်။

ဒီအိတ်ချ်အယ်လ် ချောပို့ကုမ္ပဏီမှ ကုန်တင်လေယာဉ်သည် မိုးရွာသွန်းနေစဉ် နံနက် ၆နာရီတွင် ဘီးချော်ခဲ့ကြောင်း ဘာနားမားသတင်းဌာနက သတင်းထုတ်ပြန်သည်။ လေယာဉ်ပြေးလမ်းကို နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘောဒီးယားနိုင်ငံ စီအမ်ရိပ်ပြည်နယ်ရှိ စဉ့်အိုးထုတ်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အီဂျစ်နိုင်ငံ မြို့တော် ကိုင်ရိုရှိ ပြတိုက်တွင် ဖာရို ဘုရင်၏ ရုပ်တု အားခင်းကျင်း ပြသထား သည် ကို မတ် ၁ ရက် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်၌ မွေးမြူရေးလုပ်ငန်း တိုးချဲ့ရန်စီစဉ်

ဟနွိုင်း မတ် ၁

ဗီယက်နမ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ကြက်ငှက်မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရန်အတွက် အမေရိကန်ဒေါ်လာ ၄၉၇ သန်းခန့် ထပ်မံရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း၊ နိုင်ငံတွင် ကြက်ငှက် မွေးမြူရေးလုပ်ငန်းနှင့် သားသတ်ရုံများကို တိုးချဲ့ တည်ဆောက်ရန် ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဒေသဆိုင်ရာ စီးပွားရေး တိုင်းမ်သတင်းစာက ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသား ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်နှင့် ယူနီဆက်ဖ် သဘောတူညီချက် လက်မှတ်ရေးထိုး

ဒါကာ မတ် ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်သူများအတွက် လူမှုရေး အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)တို့သည် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ကို ဖေဖော်ဝါရီ ၂၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်အရ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်သည်။ အဆိုပါ အစီအစဉ်အရ ကျန်းမာရေးနှင့် အာဟာရ၊ ရေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးပြုစုစောင့်ရှောက်ရေးနှင့် ပညာရေးတို့အတွက် ဆောင်ရွက်ကြမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါနိုင်ငံ၌ ဆန်တင်သွင်းမှု တိုးလာ

ခတ္တမန္ဒူ မတ် ၁

နီပေါနိုင်ငံတွင် ဆန်စပါးအထွက်နှုန်း ကျဆင်းသဖြင့် ပြည်ပမှ ဆန် တင်သွင်းမှုများပြားလာရကြောင်း နီပေါဆန်စပါးနှင့်ဆီလုပ်ငန်းအဖွဲ့ (အမ်ပီအာရ်အိုအယ်လ်အေ) မှတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၈ရက်တွင် ပြောကြားသည်။

လက်ရှိ ဘဏ္ဍာရေးနှစ်၏ ပထမခုနစ်လပတ်အတွင်း နီပေါနိုင်ငံ၏ ဆန်တင်သွင်းမှုတန်ဖိုးသည် ရူပီးသန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁ဒသမ၄၂ သန်း) ရှိသည်ဟု အမ်ပီအာရ်အိုအယ်လ်အေ ဒုတိယဥက္ကဋ္ဌဂန်တီဆင်ရာသီက သတင်းထောက်များကို ပြောကြားသည်။

ယခုနှစ်တွင် မုတ်သုံရာသီ ပြောင်းလဲမှုမြန်ဆန်ခြင်းကြောင့် ဆန်စပါးအထွက်နှုန်းကျဆင်းခဲ့ပြီး ဒေသဆိုင်ရာဝယ်လိုအားပြည့်မီနိုင်ရန်အတွက် ဆန်စပါးတင်သွင်းမှု များပြားခဲ့ရခြင်းဖြစ်သည်ဟု ရာသီက ပြောဆိုသည်။

နီပေါနိုင်ငံအရှေ့ပိုင်း ဒေသတစ်ခုတည်းမှာပင် ဆန်စပါးထွက်ရှိနှုန်းသည် ၂၅ရာခိုင်နှုန်းကျဆင်းသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါနိုင်ငံ အမ်မာရန်သူဒေသတွင် လှေကားထစ်စိုက်ပျိုးရေး နည်းစနစ်ဖြင့် စပါးစိုက်ပျိုးထားသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဂျင်တီးနားတွင် ရထားသုံးစင်းတိုက်မိ

ဗျူနိုစ်အေရိစ် မတ် ၁

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရိစ်မြို့တော်တွင် လူစီးရထားနှစ်စင်းနှင့် ကုန်ရထားတစ်စင်းတို့ တနင်္လာနေ့က ဆင့်ကဲတိုက်မိရာ လူ ၁၀ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရထားကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြား သည်။

လူစီးရထားတစ်စင်းမှ မောင်းနှင်သူတစ်ဦးသည် ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တီဘီအေ ရထားကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ ဂတ်စတာဗိုဂါရိုက ပြောကြားသည်။ ယင်းရထားတိုက်မှုကြောင့် သေဆုံးသူမရှိဟု သိရသည်။ ပါလာမိုခရိုင်မှ ရထားအချင်းချင်း တိုက်မိသံ နှစ်ကြိမ်ကြားရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မီးသတ်သမားများက ဒေသစံတော်ချိန် ၁၀နာရီခွဲတွင် ရထားတွဲမှ ခရီးသည်များကို ဆွဲထုတ်ကယ်ဆယ်ခဲ့ကြသည်။ ပါလာမိုဒေသတွင် တိုက်မိခဲ့သည့် အဆိုပါရထားများသည် ဗျူနိုစ်အေရိစ်မြို့လယ်နှင့် ဆင်ခြေဖုံးဒေသအတွင်း ပြေးဆွဲသည့် ခရီးသည်ရထားများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အယ်လ်ဂျီးရီးယား၌ ပါလက်စတိုင်းရဲတပ်ဖွဲ့ သင်တန်းဆင်း

အယ်လ်ဂျီးယားစ် မတ် ၁

အယ်လ်ဂျီးရီးယားနိုင်ငံ အရှေ့ပိုင်း ဘက်နာမြို့၌ ပါလက်စတိုင်းရဲတပ်ဖွဲ့ဝင် ၄၀ အတွက် ဖွင့်လှစ်ခဲ့သော သုံးလသင်တန်းအစီအစဉ် တနင်္လာနေ့တွင် ပြီးဆုံးကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါသင်တန်းတွင် ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များ စွမ်းရည်မြင့်မားလာစေရန် လက်တွေ့သင်ခန်းစာများဖြင့် လေ့ကျင့်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အယ်လ်ဂျီးရီးယားနိုင်ငံ ဘက်နာမြို့ လုံခြုံရေးတပ်ဖွဲ့ သင်တန်းဌာနက ပို့ချသော သင်တန်းကာလသုံးလအတွင်း ပါလက်စတိုင်း ရဲတပ်ဖွဲ့ဝင်များသည် အရေးပေါ်အခြေအနေကိုင်တွယ်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းရေးစောင့်ရှောက်ခြင်းနှင့် နိုင်ငံပိုင်ပစ္စည်းများ ကာကွယ်စောင့်ရှောက်ခြင်း ဘာသာရပ်များကို သင်ယူခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိလက်ဝတ်ရတနာဆိုင်တစ်ဆိုင်တွင် ခင်းကျင်းပြသထားသည့် အမေရိကန်ဒေါ်လာ ၂၁သိန်း ၁၆သိန်းတန် ရွှေဒင်္ဂါးကိတ်မုန့်ကြီးကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်နျူကလီးယားကိစ္စတွင် နိုင်ငံရေးအရ ဆုံးဖြတ်ချက်မချသင့်

တီဟီရန် မတ် ၁

ကုလသမဂ္ဂနျူကလီးယား စောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် မကြာမီ ကျင်းပတော့မည့် အုပ်ချုပ်ရေးမှူးအဖွဲ့ အစည်းအဝေးတွင် နိုင်ငံရေးအရ ဆုံးဖြတ်ချက်ချမှတ်မှုကို ရှောင်ရှားနိုင်ရေးနှင့် ပတ်သက်၍ အီရန်က တနင်္ဂနွေနေ့တွင် သတိပေးပြောကြားလိုက်ပြီး နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်အပေါ် ပယ်ချကြောင်း ထပ်မံပြောကြားသည်။

တန်ပြန်ထိခိုက်

ဖော်ပြပါ စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်သည့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အစည်းအဝေးတွင် နိုင်ငံရေးအရ ဆုံးဖြတ်မှုမပြုဟု မိမိတို့မျှော်လင့်ထားပြီး တင်းမာသည့် ဆုံးဖြတ်ချက်များကြောင့် ၎င်းတို့၏ အကျိုးဖြစ်ထွန်းမှုကို တန်ပြန်ထိခိုက်စေနိုင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရီဇာ အဆက်ဖီက အပတ်စဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အီရန်နိုင်ငံက ယူရေနီယမ် သန့်စင်မှုလုပ်ငန်းနှင့် ဆက်နွယ်သည့် လုပ်ငန်းဆောင်တာများကို ပြန်လည် ရပ်ဆိုင်းထားမည် မဟုတ်ကြောင်း၊ ယင်းကိစ္စအပေါ် တိုးမြှင့်ဖိအားပေးမှုကြောင့် မိမိတို့နိုင်ငံ၏ ရပ်တည်ချက် သဘောထားပိုမို၍ ခိုင်မာလာစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

သုတေသန ဦးတည်

ဖန်နဝါရီလ နောက်ပိုင်းကတည်းက အီရန်က ဆက်လက်လုပ်ဆောင်လာသည့် အတိမ်းအစောင်းမခံသည့် နျူကလီးယားလုပ်ငန်းများသည် သုတေသန လုပ်ငန်းအတွက် ဆောင်ရွက်ချက်သာဖြစ်ပြီး ယူရေနီယံသန့်စင်မှု ဇကန်လုပ်ဆောင်နေမှုဟု မမြင်ကြရန်ကိုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အိုင်အေအီးအေ အုပ်ချုပ်ရေးမှူးအဖွဲ့က အီရန် နျူကလီးယား ပြဿနာနှင့် ပတ်သက်၍ မတ်လတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုပ်ရှင်အော်စကာ ဆုပေးပွဲအတွက် လုံခြုံရေးအစီအစဉ်များ ကြိုတင်ဆောင်ရွက်ထား

ဟောလိဝုဒ် မတ် ၁

လာမည့်ရက်သတ္တပတ်တွင် ၇၈ ကြိမ်မြောက် ရုပ်ရှင်အော်စကာဆုပေးပွဲ ကျင်းပတော့မည်ဖြစ်ရာ ယခုကတည်းက ကြိုတင်ကာ ဆုနှင်းပွဲ ကျင်းပမည့်နေရာကို လုံခြုံရေးတင်းကျပ်ထားလိုက်ပြီဖြစ်ကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။

အော်စကာဆုနှင်းပွဲသို့ ကမ္ဘာတစ်လွှားမှ ရုပ်ရှင်အကျော်အမော်ပေါင်း ထောင်နှင့်ချီ၍ တက်ရောက်ကြမည်ဖြစ်သည်။ လုံခြုံရေးအခြေအနေများကြောင့် ကိုဒက်ကဇာတ်ရုံကြီးရှေ့ရှိ ထင်ရှားသော ဟောလိဝုဒ်ဘော်လီဗာ လမ်းမကျယ်ကြီး၏ တစ်စိတ်တစ်ဒေသကို ရဲတပ်ဖွဲ့နှင့် ဟောလိဝုဒ်မှ တာဝန်ရှိသူများက ပိတ်ထားလိုက်ကြပြီဖြစ်သည်။

အကြမ်းဖက် တိုက်ခိုက်မှုများမှ ကာကွယ်နိုင်ရန် ရည်ရွယ်၍ ဆုနှင်းပွဲကျင်းပခြင်းမရှိမီအချိန်တွင် အနီးဝန်းကျင်ရှိ လမ်းအချို့ကိုလည်း ပိတ်ထားမည်ဟုဆိုသည်။

လက်ရှိအခြေအနေတွင် အော်စကာဆုနှင်းပွဲနှင့် ပတ်သက်၍ တိကျသော ခြိမ်းခြောက်မှု တစ်စုံတစ်ရာ ရရှိထားခြင်းမရှိပေ။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ဖွယ်ရာရှိသည်နှင့်အညီ အရေးယူဆောင်ရွက်ရခြင်းသာဖြစ်သည်ဟု လော့စ်အိန်ဂျလိစ် ရဲတပ်ဖွဲ့ ပြောဆိုခွင့်ရှိသူ ပေါလ်ဗာဒွန်က ပြောကြားသည်။

ပစ္စုပ္ပန်အခြေအနေတွင် ဟောလိဝုဒ်မြို့သို့ အရေးအတွက် ထောင်နှင့်ချီရှိသော ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအစောင့်များ၊ ရဲခွေးတပ်ဖွဲ့ဝင်များနှင့် ရဲလက်ဖြောင့် သေနတ်သမားများ တစ်ဖွဲ့ဖွဲ့ ရောက်ရှိလာကြသည်။ ထို့ပြင်သာမက သေးအမျိုးသား လုံခြုံရေးတပ်ဖွဲ့မှ ဓာတုဗေဒနှင့် ဇီဝလက်နက် ထောက်လှမ်းရေး ကျွမ်းကျင်သူများပါ စုရုံးရောက်ရှိနေကြကြောင်း သိရသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်အင်ကာရေ့ဂျ်မြို့အနီးရှိ ကွတ်စ်အင်လက်ကျွန်းတွင် ဝေလငါးတစ်ကောင်၏ ခန္ဓာကိုယ်၌ ဇီဝဗေဒပညာရှင်များက ဂြိုဟ်တုအသံလှိုင်းလွှင့်ကိရိယာ တပ်ဆင်နေသည်ကို ဖေဖော်ဝါရီ ၂၈ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်၌ ရထားနှစ်စင်း တိုက်မိ

ကိုင်ရို မတ် ၁

အီဂျစ်နိုင်ငံ နိုင်းမြစ်ဝကျွန်းပေါ်ဒေသ၌ အင်္ဂါနေ့တွင် ရထားနှစ်စင်းတိုက်မိရာ လူ ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် အမ်အီးအင်အေသတင်းဌာနက ဖော်ပြသည်။

ရထားတိုက်မှုဖြစ်ပွားသည့်နေရာမှာ ကိုင်ရိုမြို့နှင့် အလက်ဇန္ဒြီးယားမြို့အကြား အဘူဟမ်းမပ်စ်မြို့အနီးဖြစ်ပြီး ကိုင်ရိုမြို့၏ အနောက်မြောက်ဘက် ၉၅ မိုင်အကွာတွင် တည်ရှိသည်။

ပို့ဆက်မြို့သို့ ဦးတည်မောင်းနှင်နေသည့် ရထား၏နောက်ဘက်ကို ကိုင်ရိုမြို့သို့ ဦးတည်မောင်းနှင်နေသည့် ရထားကဝင်တိုက်မိခြင်းဖြစ်ကြောင်း၊ ရထားတိုက်ချိန်တွင် နံနက်ပိုင်း မြူခိုးများကြောင့် မြင်ကွင်းကို သဲသဲကွဲကွဲမမြင်ရကြောင်း ဘီဟီရာပြည်နယ် အုပ်ချုပ်ရေးမှူး အဒယ်လ်လာဘစ်က ပြောကြားသည်။

ပို့ဆက်မြို့သွား ရထား၏နောက်တွဲနှစ်တွဲပေါ်တွင် လိုက်ပါလာသူများ ဒဏ်ရာရရှိခဲ့ကြောင်း အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်ကို ကိုးကားလျက် အမ်အီးအင်အေသတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ရှားပါးတိရစ္ဆာန် ကြောင်မြီးတို

မြောက်အမေရိကတိုက်၊ ဥရောပတိုက်နှင့် အာရှမြောက်ပိုင်းဒေသတို့တွင် ကျက်စားနေထိုင်သော ရှားပါးတောရိုင်းတိရစ္ဆာန်တစ်မျိုးဖြစ်သည့် လင့်ကြောင်မြီးတို(Iberian Lynx)တစ်ကောင်ကို စပိန်နိုင်ငံမြောက်ပိုင်း ဆန်တန်ဒါမြို့ အနီးရှိ ကာဘာစီနို သစ်တောကြိုးဝိုင်း၌ ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့ပညာလှေကား ရွှေသားနဲ့ထုဆစ်နေ

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

"နတ္ထိ ပညာ သမာ အာဘာ" ဟူသည် မြတ်ဗုဒ္ဓ နှုတ်တော်ထွက် စကားဖြစ်၏။ "ပညာနှင့်တူသော အလင်းမရှိ" ဟူ၏။ နေတ္တိပါဠိတော် စာမျက်နှာ၁၆၀၌ လာရှိ၏။ ယင်းအပြင် လအလင်း၊ နေအလင်း၊ မီးအလင်းနှင့်ပညာအလင်း ဟူသော အလင်းလေးမျိုးတွင် ပညာအလင်းသည်သာ အမြင့်မားဆုံးဖြစ်ကြောင်းကိုလည်း အင်္ဂုတ္တရ ပါဠိတော် ပဘာသုတ်၊ အာလောကသုတ်၊ ဩဘာသသုတ်၊ ပဇ္ဇောတသုတ်များဖြင့် အကြိမ်ကြိမ် အကျော့ကျော့ ဟောထားတော်မူ၏။ ယင်းနည်းတူ တိုးတက်မှုအမျိုးမျိုးတို့တွင် ပညာတိုးတက်ခြင်းသည်သာ အမြတ်ဆုံး ဖြစ်ကြောင်းကိုလည်း ယင်းပါဠိတော် ဧကကနိပါတ် သတ္တမသုတ်၊ နဝမသုတ်၊ ဒသမသုတ်တို့ဖြင့် အထပ်ထပ် ဟောကြားထားတော်မူ၏။

ယင်းပညာသည် နာယူခြင်း၊ သင်ယူခြင်းဖြင့် ရရှိနိုင်သော သုတမယ ပညာ၊ နာယူ သင်ယူ၍ ရရှိသော သုတကို အခြေခံလျက် နက်နဲစွာတွေးခေါ် မြော်မြင်နိုင်သော စိန္တာမယပညာ၊ အမြင်မှန်၌ အဖန်ဖန်ထုံမွမ်းသော ဘာဝနာမယပညာဟု ပညာ သုံးဆင့်ရှိကြောင်း မြတ်ဗုဒ္ဓညွှန်ပြတော်မူ၏။

(နေတ္တိ၊ စာ၊ ၈)

(ခ)

ယင်းပညာသုံးဆင့်ကို နာယူ၊ သင်ယူ၊ တွေးမြင် ထုံမွှမ်းရာ၌ ဝေဝါးခြင်း၊ လွင့်ပြယ်ခြင်း မဖြစ်မှုဘဲ ခိုင်မြဲတိကျနေစေဖို့ အက္ခရာစာတို့ဖြင့် သင်္ကေတ ပြုလာနိုင်သောကာလ၏ သည်မှာဘက်ဝယ် ယင်း အက္ခရာစာသည် ပညာ၏ ကိုယ်ပွားသဖွယ်ဖြစ်လာခဲ့ရာ ရှေးဘိုးဘေး မြန်မာတို့က **"စာတစ်လုံး ဘုရားတစ်ဆူ"** ဟုပင် စာကို မြတ်နိုးစွာ တန်ဖိုးထားခဲ့ကြလေ၏။

(ကော့ အက္ခရံ ကော့ ဗုဒ္ဓရူပံ)

"စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ ရှိသည်သာ တည်း" ဟုလည်း လက်ဆင့်ကမ်းခဲ့ကြ၏။ ထို့ကြောင့် မြန်မာတို့ သည် ပညာကိုမြတ်နိုးစွာ တန်ဖိုးထားခဲ့ကြသည့်အလျောက် ပညာ တတ်၊ စာတတ်ပုဂ္ဂိုလ်များ မြန်မာ့သမိုင်းတွင် ပြောမကုန်အောင် များပြားခဲ့ပါသည်။

ရှေးခေတ်မြန်မာ့ပညာရေးကို လေ့လာကြည့်သောအခါ ပုဂံခေတ် အရှင်အရဟံအနွယ်ဝင်ကျောင်းများ၊ အရှင်ဆပဒ အနွယ်ဝင်ကျောင်းများ၊ အရှင်ကဿပအနွယ်ဝင် ကျောင်းများသည် ပညာရည်နို့ သောက်စို့ရာ ပရိဝုဏ်ကြီးများဖြစ်ခဲ့သလို နောင်အင်းဝ ခေတ်စသည်တို့တွင် သီဟိုဠ်မှ ရောက် မထေရ်ကြီးတို့၏ ဓမ္မသီးသန့် ပညာရေး၊ အောင်စည်းခံ သံဃရာဇာတို့၏ လောကီသီးသန့် ပညာရေးနှင့် အရှင်မဟာရဋ္ဌသာရ တို့၏ လောက၊ ဓမ္မ ညီမျှသော ပညာရေးဟူ၍ ပညာလမ်းသုံးသွယ် တွေ့မြင်ရပါသည်။ ထို့ကြောင့် ခေတ်ကာလအလျောက် အိမ်နီးချင်း နိုင်ငံများအကြား၌ မြန်မာ့ပညာရည်သည် လဲ့လဲ့ကြည် လက်လက် လင်းခဲ့မည်မှာ စိုးစဉ်းမျှသံသယဖြစ်ဖွယ် မရှိပါ။

ယင်းမြန်မာ့ပညာ ဂုဏ်ရှိန်ကို သေးသိမ်သုန်မှုန်သွားအောင် မတရားအဓမ္မ နင်းချဖြိုပစ်သည့် ကိုလိုနီနယ်ချဲ့စနစ်ကြောင့် နွမ်းညစ် မှေးမှိန်ရသော နှစ်တစ်ရာကာလသည်သာလျှင် မြန်မာ့သန်းခေါင်ယံ အမှောင်ထန်ခရီး ဖြစ်ခဲ့ရ၏။

ကြည့်ပါ။ ပါတော်မူပြီးစ မြန်မာနိုင်ငံစာတတ်မြောက်မှုနှုန်း သည် အမျိုးသား၇၂ရာခိုင်နှုန်း၊ အမျိုးသမီး ၂၂ရာခိုင်နှုန်းရှိခဲ့သဖြင့် ထိုစဉ်က အိန္ဒိယနိုင်ငံထက် သုံးဆအထိသာလွန်ခဲ့သော်လည်း နယ်ချဲ့ ခေတ် နှစ်တစ်ရာအတွင်း အဆ ၃၀ မျှ ကျဆင်းခဲ့ရပုံ။ **[၁၉၇၆ ဩဂုတ်၊ မြဝတီမဂ္ဂဇင်း၊ ခင်မောင်ကြည် (နတ်မောက်)ဆောင်းပါး]။**

ထပ်၍ကြည့်ပါ။ ပါတော်မူပြီးစ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပညာရည်နို့ သောက်စို့ရာ ဘုန်းတော်ကြီးကျောင်းများ ၆၈၇၃ ကျောင်း ရှိနေသော်လည်း နယ်ချဲ့ခေတ်နှစ်တစ်ရာအတွင်း ၉၂၈ ကျောင်းအထိ လျော့နည်းကျဆင်းခဲ့ရပုံ။ **(၂၀၀၆ ဖေဖော်ဝါရီ မဏိဇောတ ဘာသာရေး မဂ္ဂဇင်း၊ မောင်မြင့်ထွန်း၏ ဆောင်းပါး)။**

ယင်းသို့ မြန်မာ့ပညာ အနုတ်လက္ခဏာပြခဲ့ရာဝယ် သုညအထိ ကား ကျဆင်းမသွားရခြင်း၌ ထောက်ပြရန်ရှိသည်ကတော့ ကိုယ့်မြန်မာ၊ ကိုယ့်ပညာ၊ ကိုယ့်စာပေအက္ခရာ၊ ကိုယ့်အစဉ်အလာကို ပထဗျာမြေ အောက်ရောက်မသွားအောင် တတ်အားသမျှ စောင့်ရှောက်ထိန်းသိမ်း ကာကွယ်ခဲ့ကြသော ရဟန်းသံဃာတော်များ စဉ်ဆက်မပြတ် တည်ရှိ ခဲ့ခြင်းပင် ဖြစ်၏။ ထိုရဟန်းတော်တို့က ကိုယ့်ဒါယကာ၊ ဒါယိကာမတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာတို့ကို လိမ္မာမြဲ လိမ္မာနေစေရန်၊ ယဉ်ကျေးမြဲ ယဉ်ကျေးနေစေရန် အမျိုးသွေး၊ ဘာသာသွေး၊ ပညာသွေးတို့ကို သွေးပေးနိုင်ခဲ့သောကြောင့် နယ်ချဲ့ခေတ် နှစ်တစ်ရာမှာ ဘာသာသွေး အေးခဲမသွားသည့်အပြင် သွေးနှောမှု၊ သွေးရောမှုများ အလွန်နည်းပါးခဲ့ရုံသာမက အသိအလိမ္မာ စာတတ်မြောက်မှုနှုန်းပါ သုညအထိ ကျဆင်းမသွားခြင်း ဖြစ်၏။

ထိုမှ လွတ်လပ်ရေးပြန်လည်ရရှိလာပြီးနောက် မြန်မာ့ပညာကို ပြန်လည်မြှင့်တင်ခဲ့ကြရာဝယ် ယနေ့ကာလသည် မြန်မာ့ပညာ အမြင့်ဆုံးခရီးသို့ ရဟန်းရှင်လူ ပြည်သူအားလုံး အုန်းအုန်းဟည်း ချီတက်နေသောကာလ ဖြစ်လာလျက်ရှိ၏။

(ဂ)

"အလိမ္မာ စာမှာရှိဆိုသကဲ့သို့ အကောင်းနှင့်အဆိုး၊ အမှားနှင့် အမှန် ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်ရန်အတွက် ပြည်သူများ အသိ ပညာကြွယ်ဝစေရန် မိမိတို့ ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

"တစ်နိုင်ငံလုံးရှိ ကျေးရွာခြောက်သောင်းကျော်တွင် အထက် တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်၍ သုံးရွာ နှစ်ကျောင်းနှုန်း ရှိနေပြီး ဆရာ၊ ဆရာမ နှစ်သိန်းငါးသောင်းကျော်ခန့်ထားပေးပြီး ဖြစ်ကြောင်း"

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
(၂၈-၁-၂၀၀၆)စစ်မှုထမ်းဟောင်းစံပြရွာ
အထက ကျောင်းဆောင်သစ်ဖွင့်ပွဲ
ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) လေးထောင့်ကန်။

(ဃ)

"ကျေးလက်နေပြည်သူလူထု၏ အသိပညာဗဟုသုတ တိုးပွား ရေးအတွက် စာဖတ်သည့် အလေ့အထတိုးပွားစေပြီး စာပေဖတ်ရှုမှု လက်လှမ်းမီစေရန် နိုင်ငံတော်၏အား၊ ဒေသခံ ပြည်သူလူထုအားနှင့် စေတနာရှင် ပြည်သူလူထုအား တို့ဖြင့် ဆောင်ရွက် ပေးလျက်ရှိရာ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့် တိုက်များဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပေးနေသည်ကို စာပေ ပညာရှင်ကြီးများ အသိပင်ဖြစ်ကြောင်း။

"တစ်နိုင်ငံလုံး ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိသည့် အနက် ကျေးရွာ စာကြည့်တိုက်ပေါင်း ၄၈၈၈၀ ကျော်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ်အတွင်း ကျန်ရှိသည့်ကျေးရွာများ၌ ကျေးရွာ စာကြည့်တိုက်များ အပြီးအပိုင် ဖွင့်လှစ်ရန် စီမံဆောင်ရွက်လျက် ရှိကြောင်း။

"ယင်းသို့ ကျေးရွာတိုင်း စာကြည့်တိုက်ဖွင့်ပြီးပါက ကမ္ဘာပေါ် တွင် မြန်မာနိုင်ငံသည် ကျေးရွာတိုင်းစာကြည့်တိုက်ရှိသည့် ပထမဦးဆုံး သော နိုင်ငံဖြစ် လာမည်ဖြစ်ကြောင်း"

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း
(၂၈-၁-၂၀၀၆) ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ။

(င)

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်၏။ နိုင်ငံတိုင်းသည် ကမ္ဘာရွာ၌ ပညာနယ်နိမိတ်အားဖြင့် ရွာဦးမှာ နေရာယူနိုင်အောင် အပြင်းအထန် ကြိုးပမ်းနေကြသော ကာလဖြစ်၏။

သင်ကြားတတ်သူတို့က သင်ကြားပေးကြ၍ သင်ယူတတ်သူတို့က အစဉ်သင်ယူနေရန်မှာ ပညာခေတ် ပထမလှေကားထစ် ဖြစ်၏။ ယနေ့ ကာလ မြန်မာနိုင်ငံ၌ ကျောင်းနေအရွယ် ကလေးသူငယ်များအားလုံး ကျောင်းနေနိုင်မှုနှင့် သက်ကြီးအားလုံးစာတတ်မြောက်မှု နှုန်းမှာ ယခုအခါ ရာနှုန်းပြည့်လုနီးလာပြီ ဖြစ်၏။ ယင်းကဏ္ဍ၌ ပရိယတ္တိပညာရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးတို့ကလည်း အင်နှင့်အားနှင့် ပါဝင်လာ လျက်ရှိ၏။

ခေတ်အဆက်ဆက် မတည်ရှိခဲ့ဖူးသည့် ပရိယတ္တိဆိုင်ရာ သံဃာ တစ်ထောင်ကျော် နှစ်ထောင် သီတင်းသုံးသော စာသင်တိုက်ကြီးများ၊ သုံးထပ်ဆောင် လေးထပ်ဆောင် စာသင်တိုက်များ၊ ကျောင်းသား ရှင်သာမဏေ တစ်ထောင်ကျော် ပညာသင်ယူလျက်ရှိသော ဘုန်းတော်ကြီး သင် ပညာရေး ကျောင်းတိုက်ကြီးများ။

မန္တလေးမြို့ရှိ မစိုးရိမ်တိုက်သစ်၊ မဟာဂန္ဓာရုံ စသည်တို့ကို ဥပမာပြနိုင်ပါ၏။ ရန်ကုန်မြို့ရှိ နာဂလိုဏ်ဂူ ကလေးဝတောရ စာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတိုက်ကြီးကို ထင်သာမြင်သာ ဥပမာညွှန်းနိုင်ပါ၏။ ယခု ၂၀၀၅-၂၀၀၆ ပညာသင်နှစ်၌ ယင်း နာဂလိုဏ်ဂူကလေးဝတောရ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းတိုက်ကြီးဝယ် ပညာရည်နို့ သောက်စို့နေကြသည့် ကျောင်းသား သာမဏေတို့မှာ တိုင်းအသီးသီးမှ ၃၈၉ ပါး၊ ပအိုဝ်း တိုင်းရင်းသား ၂၀၂ ပါး၊ ပလောင်တိုင်းရင်းသား ၁၇၉ ပါး၊ ရှမ်းတိုင်းရင်းသား အပါး ၁၄၀အပါအဝင် ကရင်၊ ကယား၊ ချင်း၊ ပဒေါင်၊ နာဂ၊ 'ဝ' စသော တိုင်းရင်းသား သာသနာဝင် ပညာသင်များ ၁၃၄၄ပါးရှိနေ၏။

ယင်းစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီး ဝယ် စား၊ ဝတ်၊ နေ၊ ပညာ၊ ကျန်းမာဟူသော အရေးငါးရပ် ဖြည့်ဆည်းပေးနိုင်ရန် ကလေးသူငယ်များ ပညာရေးဖွံ့ဖြိုးရေးအသင်း ကြီးကို နာဂလိုဏ်ဂူကလေးဝ ဆရာတော် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်ဦးဆောင်လျက် ပြည်တွင်းပြည်ပစေတနာရှင်များ၏ သဒ္ဓါတရားတို့ဖြင့် ဖွဲ့စည်းထားရှိ နေလေပြီ။

ဤသည်ကား သင်ကြားပေးတတ်သူတို့က သင်ကြားပေး၍ သင်ယူတတ်သူတို့က သင်ယူနေကြသော ပညာလှေကား ပထမထစ်၏ ဥပမာတစ်ကွက်ဖြစ်၏။ ယင်းပညာလှေကား ပထမထစ်အပြင် ဟောကြားတတ်သူတို့က ဟောကြား၍ နာယူတတ်သူတို့က နာယူခြင်း ဟူသော ပညာလှေကား ဒုတိယထစ်နှင့် ကျင့်ပွားထုံမွှမ်းခြင်းဟူသော ပညာလှေကား တတိယထစ်တို့သည်လည်း မြန်မာ့ပညာ့ဗိမာန်ဦးဝယ် ခံ့ညားစွာတည်ရှိနေပါလေ၏။ ယင်း၌ ဓမ္မကထိက၊ မဟာဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော်များသည် သုတစိန္တာ ဘာဝနာဟူသည့် ပညာအလင်းတန်းကို လွှတ်တင်သူတို့ မည်ပါ ကုန်၏။

ယင်းအပြင် ရေးသားတတ်သူတို့က ရေးသား၍ ဖြန့်ချိတတ် သူတို့က ဖြန့်ချိကာ ဖတ်ရှုတတ်သူတို့က ဖတ်ရှုနေခြင်းသည်လည်း ပညာလှေကား၏ လှမ်းမဆုံး ပြင်ကျယ်ကြီးမည်ပါ၏။ တစ်နည်း အားဖြင့် ပညာ့ရင်ပြင်မည်ပါ၏။ ယင်း၌ နိုင်ငံတော်ပိုင်းက အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု၊ နေ့ထူး နေ့မြတ်စာပေဆု (ဥပမာ- တပ်မတော်နေ့စာပေပြိုင်ပွဲဆု)တို့ကို ရေးသားတတ်သူတို့အား ချီးမြှင့် နေခြင်း၊ ပခုက္ကူဦးအုံးဖေစာမူဆု၊ သုတစွယ်စုံစာပေဆု၊ ဆရာဝန်တင်ရွှေ စာပေဆုစသည် ချီးမြှင့်နေခြင်းများသည် ပညာလှေကားကို ရွှေသားနဲ့ ထုဆစ်နေခြင်းမည်၏။

နိုင်ငံတော်အစိုးရက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကိုသာမက သာသနာရေး ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန စသည်များကိုပါ ပေါင်းစပ်ဆောင်ရွက်စေကာ မြန်မာ့ပညာရည် လဲ့လဲ့ ကြည် လက်လက်လင်းအောင် အားတင်းမာန်ထား ကြိုးစား ဆောင်ရွက် လျက်ရှိ၏။ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရွာရှိလျှင် စာရှိရမည်ဟု ကြွေးကြော်သောအလား ၂၀၀၆ခုနှစ်အတွင်း ကျေးရွာတိုင်း၌ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ကာ **'ကမ္ဘာ့ပထမ ရွာတိုင်း စာကြည့် တိုက်ရှိ မြန်မာ'** ဖြစ်လာအောင် အားသွန်ကြိုးပမ်းလျက်ရှိ၏။

သို့ဖြင့် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ သင်ကြားတတ်သူ၊ ဟောကြားတတ်သူ၊ ညွှန်ကြားတတ်သူ၊ ရေးသားတတ်သူ၊ ဖြန့်ချိ တတ်သူများနှင့် သင်ယူသူ၊ နာယူသူ၊ ကျင့်ဆောင်သူ၊ ဖတ်ရှုသူများက မြန်မာ့ပညာရည် ထွန်းလင်း တောက်ပနေအောင် မြန်မာ့ပညာလှေကားကို ရွှေသားနဲ့ထုဆစ်လျက် ရှိပါသတည်း။ ။

တောင်ငူဂျိုတီအိုင် (၁၉၈၅-၉၇) ကျောင်းသား၊ ကျောင်းသူဟောင်း များ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း ဓမ္မစကြာ ရိပ်သာ ကျောင်း၌ကျင်းပရာ ကန် တော့ခံဆရာ၊ ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများပေးအပ်ကြစဉ်။
(က-ပ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ၈၂/ရပ်ကွက် ဓမ္မူအေး ကျောင်းတိုက်အတွင်း ဆောက်လုပ် နေသော သီလဝိသောဓနီ နှစ်ထပ် သိမ်တော်ကြီးအတွက် ငွေကျပ် နှစ်သိန်းကို ဖေဖော်ဝါရီ ၂၇ ရက်က ဓမ္မသုခကျောင်း ဆရာတော် ဘဒ္ဒန္တ ကုမာရနှင့် ရဟန်းအမကြီး ဒေါ်ကျင်အေး(အမေရိကန်ဗွီးရှင်း) မိသားစုက လှူဒါန်းရာ တည်ဆောက် ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်တင့် လက်ခံရယူစဉ်။ (က-ပ)

အောင်ဇေယျသိဒ္ဓိရှင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းကျင်ကျေးရွာရှိ အောင်ဇေယျသိဒ္ဓိရှင်ဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထီးတော်တင်လှူပူဇော်ပွဲကို မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ထို့ပြင် ဘုရားနှင့်ကျောင်းဝတ္တကမြေအလှူရှင် နန်းကျင်ကျေးရွာနေ ဦးဖိုးလှ-ဒေါ်တင်တင်ဝေ (ခ) ဒေါ်ဂျာဝေနှင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် မဓာဝီလမ်းနေ ဦးခင်မောင်အေး-ဒေါ်ကြင်အေးတို့က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်(၅)ရပ်ကွက် မြောက်/ကျောက်ရေတွင်း၊ ချင်းတွင်းဓမ္မရိပ်သာ(သဲအင်းဂူ)ကျောင်းနှင့် နန်းကျင်ကျေးရွာရှိ သီရိဓမ္မာတောရ ကမ္မဋ္ဌာန်းကျောင်းတို့၏ ပဓာနနာယက ဘဒ္ဒန္တ သံဝရစာရ (တန့်ဆည်)အား သိက္ခာထပ်ခြင်း၊ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် နှယ်နီ(၂)လမ်းနေ ဖခင်ကြီးဦးချစ်မောင်အမှူးထား၍ ဦးရဲညွန့်-ဒေါ်ခင်ချိုယု၊ သမီး-မမေဇင်သန့်တို့က ရဟန်းလောင်း ရှင်သုမင်္ဂလအား ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်းနှင့် ပင့်သံဃာ ၄၅ ပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဓမ္မပူဇာပူဇော်ခြင်း အလှူမင်္ဂလာပွဲများကိုပါ ပြုလုပ်မည်ဖြစ်သည်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ တရုတ် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီမှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီမှ လက်ဆောင်ပေးအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဖက်စ်နှင့် ဒီဗီဒီပြစက်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီမှ လက်ဆောင်ပေးအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှူး၊ ဒုတိယဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ပစ္စည်းများ လက်ဆောင်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်နေသော၊ ချစ်ခင်ရင်းနှီးသော အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပြည်သူပြည်သားအချင်းချင်းမှာလည်း ရှေးပဝေသဏီကတည်းကပင် သင့်သင့်မြတ်မြတ် နေထိုင်ခဲ့ကြပြီး ဆွေမျိုးပေါက်ဖော်ပမာ ကူးလူးဆက်ဆံလာခဲ့ကြကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ ဂရုစိုက်မှုနှင့် ပြုစုပျိုးထောင်မှုအောက်တွင် တရုတ်-မြန်မာ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံရေးသည် တည်မြဲရှင်သန်လျက်ရှိပါကြောင်း၊ နှစ်ဦးနှစ်ဖက်အကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးစသော နယ်ပယ်ကဏ္ဍများတွင်လည်း အပြန်အလှန်အကျိုးပြု ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံရေးသည် အကောင်းဆုံးအချိန်ကာလသို့ ရောက်ရှိနေသည်ဆိုနိုင်ကြောင်း၊ ၂၀၀၅ခုနှစ်နိုဝင်ဘာလက အဆွေတော် အထွေထွေအတွင်းရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကျောက်ဂေါ်က မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့ပြီး အဆွေတော် အထွေထွေအတွင်းရေးမှူးနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စသော မြန်မာနိုင်ငံတော် ခေါင်းဆောင်ကြီးများကိုလည်း သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြောင်း၊ ၎င်းခရီးစဉ်သည် အောင်မြင်သော ခရီးစဉ်ဖြစ်ခဲ့ကြောင်း၊ ၎င်းခရီးစဉ် အောင်မြင်နိုင်ရေးအတွက် အစစအရာရာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့သော အဆွေတော် အထွေထွေအတွင်းရေးမှူးနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များကိုလည်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် တရုတ်နိုင်ငံအစိုးရတို့အနေဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးကို အထူးအလေးထားပြီး မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေးနှင့် ပြည်သူပြည်သားများ လူနေမှုအဆင့်အတန်း တိုးမြှင့်ရေးအတွက် မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူပြည်သားများကို ဆက်လက်ကူညီသွားရန် အမြဲဆန္ဒရှိပါကြောင်း၊ တရုတ်-မြန်မာ ပေါက်ဖော် ချစ်ကြည်ရေး ပိုမိုနက်ရှိုင်းစေရန် နှစ်နိုင်ငံ ကဏ္ဍစုံမှ ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်စေရန်အတွက် နှစ်ဦးနှစ်ဖက် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြမည်ဟု ပြောကြားသွားသည်။

ထို့နောက် သံအမတ်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီမှ လက်ဆောင်ပေးအပ်သော ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ဖက်စ်နှင့် ဒီဗီဒီပြစက်များကို လွှဲပြောင်းပေးအပ်ရာ အထွေထွေအတွင်းရေးမှူးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားရာတွင် မိမိတို့ နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးပင် ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် ပြည်သူလူထုနှင့်လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသင်းဝင်အင်အား ၂၃သန်းကျော်ရှိပြီး အသင်းဝင်များအနေဖြင့် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ယနေ့လှူဒါန်းသည့်ပစ္စည်းများသည် အသုံးဝင် အကျိုးရှိသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သံအမတ်ကြီးနှင့် အထွေထွေအတွင်းရေးမှူးတို့သည် နှစ်နိုင်ငံ လူငယ်များအကြား ချစ်ခင်ရင်းနှီးစွာ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက် သတင်းများ

အလွန်ကြီးမားသည့် ပြည်ကြီးငါး လန်ဒန်ပြတိုက်၌ ပြသထား

လန်ဒန် မတ် ၂

ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ဖူးသမျှ ပြည်ကြီးငါးများအနက် အကြီးဆုံးသော ပြည်ကြီးငါးတစ်ကောင်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ သဘာဝသမိုင်းပြတိုက်တွင် ဖေဖော်ဝါရီ ၂၈ရက်မှ စတင်၍ အများပြည်သူသို့ ပြသလျက်ရှိသည်။

အဆိုပါ ပြည်ကြီးငါးကို ဖောက်ကလန်ကျွန်း၏ ကမ်းလွန်တွင် ငါးဖမ်းရေယာဉ်တစ်စင်းက ဖမ်းဆီးရမိခဲ့ပြီး ၂၈ ပေ ရှည်လျားသည့်ငါးဖြစ်သည်။

အလွန်ကြီးမားလှသည့် ပြည်ကြီးငါးကို ပြသနိုင်ရန် လန်ဒန် သဘာဝသမိုင်းပြတိုက်မှ သုတေသီများက ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသည်ဆို၏။ ယခုအခါ ယင်းပြည်ကြီးငါးကို ပေ ၃၀ ရှည်လျားသော ဖန်သားစည်အတွင်း ထည့်သွင်းထားရှိသည်။

ပြည်ကြီးငါးများသည် ပင်လယ်သမုဒ္ဒရာ၏ ပေ ၆၅၀မှ ပေ ၃၀၀အထိဖြစ်သော ရေအနက်တွင် ကျက်စားလေ့ရှိပြီး ယင်းသတ္တဝါများကို တွေ့မြင်ရန် အလွန်ခက်ခဲသည်ဟုဆိုသည်။

ဂျပန် သိပ္ပံပညာရှင်များသည် ပြီးခဲ့သည့် စက်တင်ဘာလက ကြီးမားလှသည့် ပြည်ကြီးငါးတစ်ကောင်ကို ရေအောက်တွင် ပထမအကြိမ် ဗီဒီယိုမှတ်တမ်း ရိုက်ကူးနိုင်ခဲ့သည်။

ပြည်ကြီးငါးများသည် ကီလို ၁၀၀၀အထိ အလေးချိန်ရှိနိုင်ပြီး ရှာဖွေတွေ့ရှိခဲ့သော အကြီးဆုံး ပြည်ကြီးငါးမှာ ၁၈ ဒသမ ၅ မီတာ အရှည်ရှိကာ ၁၈၈၀ ပြည့်နှစ်တွင် နယူးဇီလန်နိုင်ငံရှိ အိုင်းလင်းဘေး ကမ်းလွန်တွင် ကျက်စားနေထိုင်ခဲ့သည်။ ***အင်တာနက်။***

လန်ဒန် သဘာဝသမိုင်းပြတိုက်တွင် အလွန်ကြီးမားလှသည့် ပြည်ကြီးငါးကို ပြသနိုင်ရန် ပြတိုက်ဝန်ထမ်းများ ပြင်ဆင်နေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ လမ်းများပေါ်တွင် တံတွေးထွေးခြင်း မပြုရန်အပါအဝင် အများပြည်သူဆိုင်ရာ နီတိကျင့်ဝတ်များအား ဖော်ပြထားသည့် ပိုစတာတစ်ခုကို မတ် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြို့တော် ပေကျင်းတွင် တံတွေးထွေးမှု ပိတ်ပင်ရန် လူထုလှုပ်ရှားမှု စတင်

ပေကျင်း မတ် ၂

၂၀၀၆ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို အဆင့်အတန်းရှိရှိ လက်ခံကျင်းပသွားနိုင်ရန် ကြိုတင်ပြင်ဆင်မှုတစ်ရပ်အဖြစ် တရုတ်နိုင်ငံမြို့တော်ပေကျင်းတွင် အများပြည်သူများ သွားလာရာနေရာများ၌ တံတွေးထွေးခြင်းကို တားမြစ်ပိတ်ပင်သည့် လူထုလှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို မတ် ၁ရက်မှစ၍ စတင်ဆောင်ရွက်လျက်ရှိသည်။

မြို့တော်သူ၊ မြို့တော်သားများသည် လမ်းများပေါ်၌ တံတွေးထွေးခြင်း မပြုလုပ်ရန် လိုအပ်ကြောင်း၊ လမ်းပေါ်တံတွေးထွေးသူများအား အရေးယူအပြစ်ပေးနိုင်ရန် စည်းကမ်းဥပဒေများကို ရေးဆွဲလျက်ရှိကြောင်း မြို့တော်နီတိကျင့်ဝတ် ဖွံ့ဖြိုးရေးရုံး ညွှန်ကြားရေးမှူး ကျန်ဟီကွမ်က ပြောကြားသည်။

မြို့တော် ပေကျင်းတွင် လမ်းပေါ်တံတွေးထွေးမှုများကို ဒဏ်ငွေ ယွမ် ၅၀ တပ်ရန် စည်းကမ်းချက်ထုတ်ပြန်ထားသည်။

လမ်းများပေါ်တွင် သွားလာသူများသည် တံတွေးထွေးလိုပါက တစ်ရှူးစက္ကူ၊ သို့မဟုတ် အိတ်အတွင်းထွေးကာ အမှိုက်ပုံးအတွင်းသို့ စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်း ကျန်ဟီကွမ်က ပြောကြားသည်။ ***အင်တာနက်။***

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတကြီးခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ကြည်ညို၊ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေးအထိမ်းအမှတ် သစ်ပင်စိုက်ပျိုး

ရန်ကုန် မတ် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီ တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညိုကြ၍ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးကြပြီး အမျိုးသားပြတိုက်ကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနို ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာအင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wyoso Prodjowarsito နှင့် ဇနီးနှင့် သံရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၈နာရီ ၁၅မိနစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိလာကြရာ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးဘရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးက ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကိုသာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော် ရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်၊ သာယာဝတီမင်း ခေါင်းလောင်းတော်နှင့် ရွှေတိဂုံစေတီတော်၌ ၁၈၇၁ ခုနှစ်တွင် မင်းတုန်းမင်းတင်လှူပူဇော်ခဲ့သော မူလထီးတော်ဟောင်း တို့ကို လှည့်လည်ကြည်ညိုကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပြည်သူ့ဥယျာဉ်

ထိုမှတစ်ဆင့် ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိလာကြရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့က ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ခရေပင် (Star Flower Tree) ကို စိုက်ပျိုးပေးကြပြီး မြေဆီဩဇာထည့်သွင်းကာ ရေသွန်းလောင်းပေးကြသည်။

ဆက်လက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိ သူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အမျိုးသား ပြတိုက်အတွင်းရှိ သီဟာသနပလ္လင်တော်ပြခန်း၊ ရတနာပုံခေတ် မန္တလေးနန်းတော်ပုံစံနှင့် နန်းတွင်းသုံး ပစ္စည်းတော်များပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်းနှင့် မြန်မာ့ယဉ်ကျေးမှု အနုပညာပစ္စည်းနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်ပြခန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မှတ်တမ်းတင်လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနိုသည် အမျိုးသားပြတိုက်၏ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာ နီဟယ်ယာဝါတီ တို့ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

နယ်စပ်/စည်ပင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ခနုဖြူမြို့ လမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မတ် ၂

(၆၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်းခနုဖြူမြို့ ခနုသခ်ါ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မီးခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဒေသခံပြည်သူများ တက်ရောက်သည်။

ရှေးဦးစွာ ခနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးက လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းထွန်းက ကတ္တရာလမ်းခင်းဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လမ်းသစ်ကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်နှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ လမ်းမှာ အရှည်၁၉၂၅ပေ၊ အကျယ် ၁၂ ပေရှိပြီး ခနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၅၂ဒသမ ၅၀သိန်း၊ ပြည်သူမှ ပါဝင်ငွေကျပ် ၃၇ ဒသမ ဝသိန်း စုစုပေါင်း ငွေကျပ် ၈၉ ဒသမ ၅၀ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခနုဖြူမြို့တွင်းသို့ ဝင်ရောက်သည့် အဓိကလမ်းတစ်လမ်း ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက်ဝန်ကြီးသည် ခနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ ရုံးခန်းမ၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေး၊ တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်သွင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းတို့က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ အလုပ်အမှုဆောင်များ၊ တိုင်းအတွင်းရှိ ခရိုင်ငါးခရိုင်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကန်ကြီးထောင့်၊ ပန်းတနော်၊ မအူပင်၊ ဟင်္သာတမြို့နယ်များမှ အသင်းအတွင်းရေးမှူးများအား တွေ့ဆုံရာ တိုင်းတွဲဖက်အတွင်းရေးမှူး၊ ခရိုင်အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် မြို့နယ်အသင်း အတွင်းရေးမှူးများက ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်ခဲ့သောကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လာမည့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)



ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

အမျိုးသားပြတိုက် ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီတို့ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

“Ten Nations One Community” ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား

ရန်ကုန် မတ် ၂

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီကကြီးမှူး၍ ASEAN Information Seminar Series IV (Fy 2005-2006) စီမံကိန်းအရ ကျင်းပသည့် “Ten Nations One Community” ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မုံရွာ–ရေဦးလမ်းရှိ ပုသိမ်ဟိုတယ်၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ASEAN Information Seminar Series (Fy 2005-2006) စီမံကိန်းကျင်းပရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် စီမံကိန်းကျင်းပရေး ကြီးကြပ်မှုကော်မတီဝင်များ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဆွေးနွေးပွဲကျင်းပရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဟင်္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပုသိမ်အစိုးရနည်းပညာကောလိပ်၊ ဟင်္သာတအစိုးရနည်းပညာကောလိပ်၊ မအူပင်အစိုးရနည်းပညာကောလိပ်၊ ဟင်္သာတအစိုးရကွန်ပျူတာကောလိပ်၊ မအူပင်အစိုးရကွန်ပျူတာကောလိပ်၊ မြောင်းမြပညာရေးတက္ကသိုလ်နှင့် ဘိုကလေးပညာရေးကောလိပ်တို့မှ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ပုသိမ်၊ ဟင်္သာတနှင့် မြောင်းမြစက်မှုဇုန်တို့မှ စက်မှုလုပ်ငန်းရှင်များ၊ ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်များအသင်း၊ ဆားစက်လုပ်ငန်းရှင်များအသင်း၊ ရေလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် သစ်စက်လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်နေချိန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ တိုးတက်လာအောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

တက်ညီလက်ညီ

ASEAN နိုင်ငံခေါင်းဆောင်ကြီးများ မျှော်မှန်းထားသည့် **“သက္ကရာဇ် ၂၀၂၀ တွင် အာဆီယံ နိုင်ငံအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဝပြောသည့် အရှေ့တောင် အာရှဒေသကြီး ဖြစ်ပေါ်လာရမည်”** ဟူသော ASEAN Vision 2020 ရည်မှန်းချက်ကို အဖွဲ့ဝင်နိုင်ငံများအားလုံးက တက်ညီလက်ညီဖြင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

စီစဉ်ဆောင်ရွက်

ASEAN Vision 2020 ရည်မှန်းချက်အရ မဏ္ဍိုင်ကြီး သုံးခုဖြစ်သည့် လုံခြုံရေးဆိုင်ရာ အသိုက်အဝန်း (Security Community)၊ စီးပွားရေးဆိုင်ရာ အသိုက်အဝန်း (Economic Community)၊ လူမှုရေးဆိုင်ရာ အသိုက်အဝန်း (Socio-cultural Community) တို့ကို သက်ဆိုင်ရာ နိုင်ငံအသီးသီးက အာဆီယံနိုင်ငံများနှင့် ပူးပေါင်းပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် ညှိနှိုင်းဆွေးနွေးမှု၊ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မဏ္ဍိုင်ကြီး သုံးခု

အောင်မြင်ရေးအတွက် ကျရာကဏ္ဍကနေ တက်ညီလက်ညီဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ASEAN Vision 2020 အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ASEAN နိုင်ငံများက ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်လာရေးသည် အဓိကကျသည့်အတွက်လည်း အာဆီယံအဖွဲ့ကြီး၏ မျှော်မှန်းချက်များကို ဒေသတွင်းပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိအောင် ပညာပေးစည်းရုံးရန်လည်း တာဝန်ရှိကြောင်း။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီကကြီးမှူးပြီး Seminar ပြုလုပ်နေခြင်းသည် အာဆီယံအဖွဲ့ကြီး၏ ရည်မှန်းချက်ကို ဖော်ဆောင်သည့်အနေဖြင့် ပြုလုပ်သောဆွေးနွေးပွဲလည်းဖြစ်ကြောင်း။

ဆွေးနွေးပွဲက ရရှိမည့် ရလဒ်ကောင်းများသည် အာဆီယံရည်မှန်းချက်များ ဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုမည့် ရလဒ်များ ဖြစ်ပေါ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် ASEAN Information Seminar Series (Fy-2005-2006) စီမံကိန်းကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဆွေးနွေးပွဲအဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးတင်ပြ

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီက ကြီးမှူးကျင်းပသည့် “Ten Nations One Community” ဆွေးနွေးပွဲကို နံနက် ၉ နာရီခွဲတွင် ပုသိမ်ဟိုတယ်၌ စတင်ကျင်းပရာ နံနက်ပိုင်း သဘာပတိအဖြစ် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကျော်က ဆောင်ရွက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက **“အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)”** (Overview on ASEAN) အကြောင်းကိုလည်းကောင်း၊ အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းသိန်းက **“ဘာလီကွန်ကော့ဒ်(၂)နှင့် ဗီယင်ကျန်းလုပ်ငန်း အစီအစဉ်အစဉ်”** [Bali Concord (II) and Vientiane Action Plan] ကိုလည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်ဦးမောင်မောင်ရီက **“အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု”**ကို လည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်မင်းထွန်းက **“အာဆီယံဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု”** ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)ဦးဘုန်းမြင့်က ASEAN Committee on Culture and Information နှင့် မြန်မာနိုင်ငံမှ တာဝန်ယူဆောင်ရွက်ခဲ့သောအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ စီမံကိန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ပြန်လည်ဖြေကြား

ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ မွန်းလွဲပိုင်း သဘာပတိအဖြစ် Ten Nations one Community ဆွေးနွေးပွဲကျင်းပရေး ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက ဆောင်ရွက်၍ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးကျော်က Energy Cooperation in ASEAN ကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ကြွေက Currentstatus of ASEAN Cooperation in Transport ကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်က **“အာဆီယံပူးပေါင်းဆောင်ရွက်မှု ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍ”**တို့ကိုလည်းကောင်း၊သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်လေးက **“အာဆီယံဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှု”** ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းသိန်းက **“နိုင်ငံဖြတ်ကျော်မှုခင်း”**ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးဌေးအောင်က **“မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက်”** ကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သဘာပတိ ဆွေးနွေးပွဲ ကျင်းပရေး ဦးဆောင်အဖွဲ့ ဥက္ကဋ္ဌ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ညပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် Ten Nations One Community ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ ပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် မတ် ၂

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရနှင့် ဆရာတော်ကြီးများ၏ ဂုဏပူဇာပူဇော်ကန်တော့ပွဲကို မင်းကွန်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက သုခမာရ်အောင် တောင်ငူစည်းခုံကြီးကျောင်းဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြုကာ အလှူရှင်မိသားစုနှင့် ဆရာတော်ကြီး၏တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မင်္ဂလာတောင်တော်ဦး အာဇာနည်လမ်းရှိ မင်းကွန်းကျောင်းတိုက်(၂)၌ မတ် ၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်ရန်ရှင်းကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာဦးစိုးသန်းထွန်း ဇနီး ဒေါ်ခင်မေသန်းမိသားစုနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်ကာ**(အပေါ်ပုံ)** နေ့ဆွမ်းလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။ (ကြေးမုံ)

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်လည်တည်ဆောက်ရေး၊ ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များရွှေစင်၊ ရွှေပြားမျက်ပါး ရွှေသင်္ကန်းတော် ကပ်လှူရေးအတွက် ရန်ကုန်မြို့နေ အဖဦးကြည်လွင်၊အမိဒေါ်ဝါဝါ၊ သားဗိုလ်မှူးအောင်သန့်၊ဇနီး ဒေါ်နန်းသဲသဲအောင်၊ သမီး ကြည်နန္ဒာစုတို့က ကိုးလက်မပတ်လည် ရွှေစင်ရွှေသားတစ်ကျပ်သားနှစ်ချပ်အတွက် ငွေကျပ်ငါးသိန်းကို ဖေဖော်ဝါရီ ၂၀ရက်က ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲ ဆုရရှိသူများအမည်စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၂

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်ဦးစီးကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲမှ ဝတ္ထုရှည်ပြိုင်ပွဲ ဆုရရှိသူများ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

ဝတ္ထုရှည်ပြိုင်ပွဲတွင် စော်ဘွားကြီးကုန်း အင်းစိန်မှ တင်အောင်စိုး(ပန်းမြို့တော်)၏ "နေမင်းသံလွင် လမင်းသံလွင်" က ပထမ၊ ဗိုလ်တထောင်မှ စိုးပိုင်ယွန်း၏ "ကြယ်စင်ဖွဲ့ယံ ရွှေနိုင်ငံ"က ဒုတိယ၊ ဟသ်ာတမြို့မှ ရဲရဲထွန်း(ဟသ်ာတ)၏ "စစ်မှာအားသွန်ပျိုရွယ်လွန်တိုင်"က တတိယ အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ၂၀၀၆ခုနှစ် မတ် ၂၇ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများတက်ရောက်ယူရမည်ဖြစ်သည်။ (သတင်းစဉ်)

ခရမ်းမြို့နယ် နာရေးကူညီမှုအသင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း ခရမ်းမြို့နယ် နာရေးကူညီမှုအသင်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ခရမ်းမြို့ အမှတ်(၃) ရပ်ကွက် သတိပဋ္ဌာန်လမ်း ဇေစေတီဘုရားတန်ဆောင်းရှိ ယာယီရုံးခန်းမ၌ ကျင်းပရာ အသင်းနာယကဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရာဘိဝံသက အသင်းဆိုင်းဘုတ်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းဖွင့်လှစ်ပေး၍ သြဝါဒကထာမြွက်ကြားပြီး အသင်းနာယကအဖွဲ့ဝင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင့်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့်အောင်နှင့် ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

လူငယ်(ရေကြောင်း) သင်တန်းသား၊ သင်တန်းသူဟောင်းများ (၁၉၇၁-၁၉၈၈)၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မြတ်လေးရုံကျောင်းတိုက် မြတ်လေးရုံ ကျောင်းလမ်းထိပ် ဟံသာမွန်ရိပ်မွန်အိမ်ရာ ဆင်မလိုက် သဘော်ာကျင်းဘေး ကမာရွတ်မြို့နယ်တွင် ကျင်းပစဉ်။ (က-ပ)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အရသာထူးကဲ ၁၂ရာသီပိန္နဲ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	Myanmar Video Rhythm
၈း၁၅	ဖြူးချောင်းတံတား
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	Sony Bravia
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	မော်ကွန်းစာကိုးပြည့်တန်ဘိုး
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ရှားပါးသောရေချိုရေငန်စပ်မိကျောင်းများ(အပိုင်း-၄)
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ဆူနာမီရေလှိုင်းကာကွယ်ရေးအကြောင်း သိကောင်းစရာ (ဒုတိယပိုင်း)
၁၀း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅	ပုံမှန်အသက်ထက် ကျော်လွန်ပြီး အခြေခံပညာမူလတန်းအဆင့်သို့ ဝင်ရောက်လာသည့်ကလေးများအားအထူးသင်ကြားခြင်း
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ကျန်းမာရေးအတွက် သန့်(၄)သန့်
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	သံလွင်မြစ်နဒီလက်ခုပ်သံဝေစီ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ရကျောင်းသားများ၏ ပန်းချီပြပွဲ ပြသ

ရန်ကုန် မတ် ၂



မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကိုးဦး၏ Tear's Colorပန်းချီ ပြပွဲဖွင့်ပွဲကို ယနေ့နံနက် ၉နာရီက ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်အနုပညာခန်းမ၌ ကျင်းပရာ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ပြပွဲတွင်ပါ ဝင်ပြသကြသော ပန်းချီပညာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်အားပေးကြသည်။

ပန်းချီကား ၆၀

ပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီကား ၆၀ခန့်ကို ခင်းကျင်းပြသထားပြီး မတ်၂ရက်မှ ၆ရက်အထိ နေ့စဉ်နံနက်၉နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲကို တာဝန်ခံဦးသိန်းဇော် (MDY) ၏စီစဉ်မှုဖြင့် အင်ဂါဥူး၊ ကိုကိုလွင်၊ အောင်မျိုးထွန်း၊ ဘိုဘိုကိုဦး၊ သိန်းလှိုင်၊သူရဌေး၊နေဇော်မျိုးအောင်၊ ကျော်ဟန်ထွန်းတို့ ပါဝင်ရေးဆွဲကြကြောင်းသိရသည်။ (ကြေးမုံ)

ပန်းချီပြပွဲတွင် ပါဝင်ရေးဆွဲခဲ့ကြသူ မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကိုးဦးအား ပန်းချီပြပွဲတွင် တွေ့ရစဉ်။ (ကြေးမုံ)

ဘ၀(၁)

မန္တလေးယဉ်ကျေးမှုတက္ကသိုလ်ဘွဲ့ရကျောင်းသား ကိုးဦး၏ ပန်းချီပြပွဲတွင် ပြသထားသည့် ကိုကိုလွင်၏ဘ၀(၁)အမည်ရှိ ပန်းချီကား (အခရိုင်းလစ်)။ (ကြေးမုံ)

ပြည်တွင်းရေကြောင်း အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အရာထမ်း၊ အမှုထမ်းအဆင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်မှု သင်တန်း(၄/၂၀၀၆) ဆင်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးရုံးချုပ် ကွပ်ကဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား ပေးအပ်ချီးမြှင့်ကြသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀	၆။ မျိုးချစ်တပ်မတော်
၄း၅၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။ နိုင်ငံတကာသတင်း
၆း၂၀	၁၁။ မိုးလေဝသသတင်း
၆း၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း-၁၅)**
၆း၄၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၂)**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ စိုက်ပျိုးသုတ
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရုပ်မြင်သံကြားဇာတ်လမ်း သူရဲကောင်းလေးများထွန်းကားသည် (အပိုင်း-၁) ဒါရိုက်တာ-ပန်းချီစိုးမိုး၊ သရုပ်ဆောင်-အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီ ဒွေး၊ အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ မေသဥ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ လှမျိုးသဥ္ဇာနွယ်**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တာနောရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး ကျေးလက်လမ်းတံတားလုပ်ငန်းများ စစ်ဆေးပြီး လိုအပ်သည်များမှာကြား

ရန်ကုန် မတ် ၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၁ နာရီတွင် ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ် နယ်စပ် စစ်တောင်းတံတားသို့ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တာနောရေလှောင်တမံစီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ တာနောရေလှောင်တမံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရေးဦးစွာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စီမံကိန်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန် ကြိုးပမ်းဆောင်ရွက်ကြရေး တာဝန်ရှိသူများအားမှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တာနောရေလှောင်တမံစီမံကိန်းသည် အမှတ်(၁) စက္ကူစက်(စစ်တောင်း) အတွက် စက်ရုံသုံးရေနှင့် သောက်သုံးရေအဖြစ် တစ်နေ့ရေဂါလန် ၉ ဒသမ ၅ သန်းကို လုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် ဝင်းကံကျေးရွာသို့ရောက်ရှိကြပြီး ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်တို့ကို ဆက်သွယ်သည့် ကျုံမကူးချောင်းတံတား တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဦးက ကြာပန်း-ဝင်းကံ ကျေးရွာချင်းဆက် ကျေးလက်ဒေသဖွံ့ဖြိုးရေး မြေသားလမ်း ချဲ့ထွင်ခြင်းနှင့် ချောင်းကူးတံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြေသားလမ်းကို အကွေ့အကောက်နည်းနည်းဖြင့် တတ်နိုင်သမျှ လမ်းဖြောင့်ဖြစ်ရန်နှင့် လမ်းကြောင်းပေါ်ရှိ ချောင်းကူးတံတားများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် ကျေးရွာသူကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များကို အဆက်အစပ်ရှိရှိ ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏ ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူးတို့က ကျေးရွာနေပြည်သူများအတွက် ဆပ်ပြာနှင့် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝင်းကံကျေးရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဝင်းကံကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျေးရွာပြည်သူများအားတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မ စိုက်ပျိုးမွေးမြူကြရန် မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဆင်တွင်းကျေးရွာမှတစ်ဆင့် ကျိုက်ထိုမြို့နယ် ဘုရားလမ်း သီဟိုခြံသို့ ရောက်ရှိကြရာ သီဟိုခြံမန်နေဂျာ ဦးဉာဏ်ဌေးက ခြံအတွင်းလမ်းဖောက်လုပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယန္တရားဖြင့် လမ်းဖောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ကျိုက်ထိုမြို့နယ် ကျွန်းတောလမ်းဆုံသို့ ရောက်ရှိကြပြီး ကဇိုင်း-ကင်ပွန်းစခန်းလမ်းအပိုင်းအား စက်ယန္တရားအင်အားဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အချိန်မီဖောက်လုပ်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ချောင်းကူးတံတား

ထို့နောက် ညနေပိုင်းတွင် ကဇိုင်း-ညောင်ထောက်-ငှက်ပျောတောလမ်းမှတစ်ဆင့် ဘီးလင်းမြို့နယ် ကရဝေးဆိပ်ကျေးရွာသို့ ရောက်ရှိကြပြီး သဲဖြူချောင်းကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျေးရွာနေပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုးချဲ့ကျောင်းဆောင်သစ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ကဇိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကြပြီး Max Myanmar ကုမ္ပဏီနှင့် ဒေသခံအလှူရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်လျက်ရှိသော တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာပြည်သူများအတွက် ဆပ်ပြာများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များကို ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကဇိုင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိကြပြီး ဒေသခံကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ ကျေးလက်ဆေးပေးခန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျေးရွာပြည်သူများအား ဆေးဝါးပစ္စည်းများ ထောက်ပံ့လှူဒါန်းသည်။

(သတင်းစဉ်)

လားရှိုးနှင့် မူဆယ်မြို့နယ် ကျေးရွာ ၃၀ မှ ဒေသခံတိုင်းရင်းသားများအား ဆေးဝါးကုသ လူမှုရေး အကူအညီများ ပေးအပ်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ဇန်နဝါရီ ၁၅ ရက်မှ ၂၂ ရက်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်နှင့် မူဆယ်မြို့နယ်တို့သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသား ပြည်သူများအား ဆေးဝါးကုသရေးနှင့် လူမှုရေးအကူအညီများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ခရီးစဉ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်နှင့် မူဆယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၀ မှ ဒေသခံတိုင်းရင်းသားပြည်သူ ၃၅၀၀ ကျော်တို့အား ကျန်းမာရေးစစ်ဆေး၍ ဆေးဝါးကုသမှုပေးခြင်းနှင့် လူမှုရေး အကူအညီများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာတွင် မျက်စိဝေဒနာရှင် တစ်ဦးအား ကုသပေးစဉ်။

(ကြေးမုံ)

စားသောက်ဖွယ်ရာများ ပေးဝေ

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာ၌ ကျောင်းသူ၊ ကျောင်းသားလေးများအား စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ပေးဝေစဉ်။

(ကြေးမုံ)

ဒဂုံမြို့နယ်ပရိယတ္တိ သဒ္ဓမ္မဟိတ စာမေးပွဲ ငွေရတုဓမ္မပူဇာအောင် ဆုနှင်းသဘင်

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်း ဒဂုံမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိ သဒ္ဓမ္မဟိတ စာမေးပွဲ၏ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ သဒ္ဓမ္မပူဇာအောင် ဆုနှင်းသဘင်အခမ်းအနားကို မတ် ၅ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဓမ္မရုံသိမ်တော်ရာစေတီ၊ ရတနာ့ဗိမာန်တော်၊ အိမ်တော်ရာဘုရားဝင်းအတွင်း၌ ကျင်းပမည်ဖြစ်ရာ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဧည့်ခံမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ငွေရတုမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တစ်မြို့နယ်လုံး အိုင်အိုဒင်းဆား စားသုံးရေးလုပ်ငန်း ထပ်မံသတိပေး ရှင်းလင်းဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်ရုံးခန်းမတွင်ပြုလုပ်ရာ စိန်မေတ္တာမွန်ဆားစက်(ကိုယ်စား) အထွေထွေမန်နေဂျာ ဦးမောင်မောင်ကြီးက အိုင်အိုဒင်းဆားများကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(၃၂)

အင်္ဂလန်နှင့်ဥရုဂွေး ယှဉ်ပြိုင်ကစား ဂျိုးကိုးလ်က အနိုင်ဂိုးသွင်းယူ

လီဗာပူး မတ် ၂

နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အင်္ဂလန်အသင်းနှင့် ဥရုဂွေးအသင်းတို့ လီဗာပူးရှိ အန်းဖီးလ်အားကစားကွင်းတွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသည်။

ပွဲချိန်၂၆မိနစ်တွင် မာရီယိုရီဂူယီရို၏ ထောင့်ကန်ဘောကို နောက်တန်းလူ ဂျွန်တယ်ရီက ခေါင်းတိုက်ဖျက်ထုတ်ကြိုးပမ်းရာ၌ အိုမာပူဆိုထံ ဘောလုံးရောက်ရှိသွားပြီး ၎င်းက အဝေးမှ အမှတ်မထင်ကန်သွင်းရာမှ ဥရုဂွေးအသင်း အဖွင့်ဂိုးရရှိခဲ့သည်။

အနိုင်ဂိုးသွင်း

ပွဲချိန်၇၅မိနစ်တွင် ပီတာခရပ်ချ်က အင်္ဂလန်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့ပြီး ပွဲချိန်စေ့၍ လေလွင့်ချိန်အတွက် ဖြည့်ပေးသည့် အချိန်ပိုတွင် ဂျိုးကိုးလ်က အနိုင်ဂိုးသွင်းယူခဲ့သည်။ နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ရုရှားနှင့် ဘရာဇီးအသင်းတို့ မော်စကိုတွင် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဘရာဇီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဘရာဇီးအသင်းအတွက် အနိုင်ဂိုးကို ရိုနယ်လ်ဒိုက သွင်းယူခဲ့သည်။

အင်တာနက်။

မတ် ၁ ရက်က လီဗာပူးတွင် ကျင်းပသော နိုင်ငံတကာ ခြေစမ်းပွဲတွင် ဥရုဂွေးအသင်းဘက်သို့ ထိုးဖောက်နိုင်ရန် အင်္ဂလန်အသင်းမှ ဂျိုးကိုးလ်ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်းကို ဆောင်ကိုရီးယားအနိုင်ရ

ဆိုးလ် မတ် ၂

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို နိုင်ငံတကာခြေစမ်းပွဲအဖြစ် တောင်ကိုရီးယားအသင်းနှင့် အင်ဂိုလာအသင်းတို့ ဗုဒ္ဓဟူးနေ့က မြို့တော်ဆိုးလ်တွင် ယှဉ်ပြိုင်ကစားကြရာ တောင်ကိုရီးယားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ကမ္ဘာ့ဖလားဘော လုံးပြိုင်ပွဲသို့ ခြောက်ကြိမ်မြောက် ဝင်ရောက်ခွင့်ရရှိသည့် တောင်ကိုရီးယားအသင်းသည် အိမ်ရှင်အသင်းအဖြစ် အင်ဂိုလာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခြင်းအတွက် ကျေနပ်အားရမှုမရှိဖြစ်ရသည်။

၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ အဆင့်အထိ တက်ရောက်ခဲ့သော တောင်ကိုရီးယားအသင်းသည် ဂိုးပြတ်အနိုင်ရခြင်းမရှိခဲ့သော်လည်း အင်ဂိုလာအသင်းကို တစ်ချိန်လုံးနီးပါး စိုးမိုးထားနိုင်ခဲ့သည်။

တောင်ကိုရီးယားအသင်းအတွက် ဂိုးသွင်းပေးသူမှာ အသက် (၂၀)အရွယ်ရှိ တိုက်စစ်မှူး ပါ့ခ်ချူယောင်ဖြစ်ပြီး ပွဲချိန် ၂၂မိနစ်တွင် သွင်းယူခဲ့သည်။

အင်တာနက်။

အာရှဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းမှ မက်အာမင်နှင့် ဟောင်ကောင်အသင်းမှ ချန်ရွှေဟိုတို့ ဘောလုံးရရှိရေး ယှဉ်ပြိုင်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ပအားကစား သတင်းများ

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အင်္ဂလန်ဘောလုံးအသင်း လီဗာပူးမြို့ရှိ အန်းဖီးလ်ကွင်းတွင် လေ့ကျင့်နေသည်ကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများကစား

စင်ကာပူ မတ် ၂

အာရှဖလား ဘောလုံးပြိုင်ပွဲအတွက် အုပ်စုခြေစစ်ပွဲများကို ဗုဒ္ဓဟူးနေ့က ကျင်းပရာ တရုတ်နိုင်ငံ ဟောင်ကောင်အသင်းက ဘင်္ဂလားဒေ့ရှ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အိန္ဒိယနိုင်ငံအသင်းသည် ၎င်း၏အိမ်ကွင်းတွင် ယီမင်နိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ အာရှဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိရန် မျှော်လင့်ချက်ပျက်သွားရပြီဖြစ်သည်။

အနိုင်ရ

အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ အိုအေစစ်မြို့လေးဖြစ်သော အယ်လ်အိန်းမြို့တွင် တရုတ်နိုင်ငံအသင်းနှင့် အီရတ်အသင်းတို့ ခြေစစ်ပွဲကစားရာ၌ အီရတ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အင်တာနက်။

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ လုပ်ရပ် တောင်ငူမြို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိ

ရန်ကုန် မတ် ၂

တောင်ငူမြို့ အမှတ်(၁၉) ရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအနီး၌ ယနေ့ နံနက် ၇နာရီ ၄၅မိနစ်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ အကျယ်တစ်ပေ ပတ်လည်၊ အနက် ခြောက်လက်မခန့်ရှိ ကျင်းတစ်ကျင်းဖြစ်သွားခဲ့သည်။ ထို့အပြင် နံနက် ၉နာရီ ခွဲခန့်တွင် အမှတ်(၂၀) ရပ်ကွက် EPC ထရန်စဖော်မာရုံအနီး၌ ပေါက်ကွဲမှုတစ်ခု ထပ်မံဖြစ်ပွားရာ အုတ်နံရံ သုံးပေခန့်ပျက်စီးသွားခဲ့သည်။

ယင်းပေါက်ကွဲမှု နှစ်ခုစလုံးတွင် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် အခြားပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရှိရသည်။ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ရပ်ရွာအေးချမ်းသာယာရေးကို ဖျက်ဆီးရန်၊ ပြည်သူများ သေကျေဒဏ်ရာရစေရန်နှင့် အထိတ်တလန့်ဖြစ်စေရန် ဆိုးညစ်ယုတ်မာသောစိတ်ဖြင့် ဖောက်ခွဲမှုကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ကလေးသူငယ်များကျောင်းတက်သည့် စာသင်ကျောင်းအနီး၌ပင် ဗုံးဖောက်ခွဲမှုပြုလုပ်ခြင်းမှာ ရက်စက်ယုတ်မာသော ကျူးလွန်မှုဖြစ်သည်။ အဆိုပါ ဖောက်ခွဲဖျက်ဆီးသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ သားကြီးမောင်ကျော်မြတ်ထူး (၁)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ မအူပင်လမ်း စမ်းချောင်းမြို့နယ်နေ ဦးထွန်းအောင်ကျော်-ဒေါ်သန်းသန်းအေး၊ သမီး မဝေနှင်းသူ မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်ကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။

(က-ပ)

ကမာရွတ် ဒေါ်သာထက် အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဗဟန်း-၃ လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ခမ်းမဆောင်ကြီး၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား လှူဖွယ်ပစ္စည်းများ ပေးအပ်ကြစဉ်။

(က-ပ)

တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ မတ် ၇ရက်မှ ၁၀ရက်အထိ ရန်ကုန်ဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. **က အဓိက ကူညီပံ့ပိုးသော ၂၀၀၆ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ** (Tiger Myanmar Amature Open 2006) **ကို မတ် ၇ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။**

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်အကြောပေး (Amateur Hadicap - 0-12) အထိ ရှိသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများသည် မတ် ၅ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၉၈၇၂၅၅၄နှင့် ၅၄၂၈၇၉ တို့သို့ အမည်စာရင်းပေးသွင်းနိုင်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

၂၀၀၆ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက် အားကစားသမားများအား ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပြီးပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

(သတင်းစဉ်)



ဖေဖော်ဝါရီ ၂၂ရက်က ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်း ရေစစ်ကန်တည်ဆောက်ထားရှိမှုနှင့် ရေပိုက်လိုင်းများ သွယ်တန်းရေးတို့ကို အမှုဆောင်အရာရှိ ဦးမင်းဟန် (ဒုတိယညွှန်ကြားရေးမှူး)နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု)ဦးအောင်ဘုန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

သာယာဝတီ ဖေဖော်ဝါရီ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် လွှတ်လပ်ရေးနေ့၌ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၀၆)ဖြင့် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့မှလူမှုထူးချွန် ပထမဆင့်ရ ဒေါက်တာစန်းနွယ်အုန်း(ခ) ဒေါ်ရီရီအုန်းအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က သုံးဆယ်မြို့၊ ရတနာဝင်း အဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပရာ သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းတလထော၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာဖေဖော်ဝါရီ ၅ ရက်က ကမာကလွန်း-တောကျောင်း ကျေးလက်လမ်းဂဝံခင်းခြင်းလုပ်ငန်းအားအမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ စေတနာ့ညကျောင်းသို့ စာအုပ်များနှင့်ငွေလှူ

ပဲခူး ဖေဖော်ဝါရီ ၂၈

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့က စေတနာ့ညကျောင်းအတွက် စာအုပ်များ၊ အလှူငွေများနှင့် အချိုရည်ဘူးများ လှူဒါန်းပွဲ အခမ်းအနားကို ပဲခူးမြို့ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း စေတနာ့ညကျောင်းခန်းမတွင် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၅ နာရီက ကျင်းပရာ ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဦးမြင့်ရွှေနှင့် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမြင့်တို့က အမှာစကားပြောကြားပြီး ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က စေတနာ့ညကျောင်း တာဝန်ခံဆရာမကြီး ဒေါ်မြမြဝင်းသို့ အလှူငွေ၊ စာအုပ်များနှင့် အချိုရည်ဘူးများ လှူဒါန်းကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်မှု ကြည့်ရှုစစ်ဆေး

မိုးနဲ ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ပြည်နယ်ရဲမှူးကြီး သူရတင်လှသည် လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေတို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၁ရက်က မိုးနဲမြို့နယ်သို့ရောက်ရှိပြီး မိုးနဲမြို့နယ်၏ ဖွံ့ဖြိုးရေးဆောင်ရွက်မှုများနှင့်ခြံစည်းရိုးကြက်ဆူ ပျိုးထောင်မှု၊ စိုက်ပျိုးပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်ရဲမှူးကြီးနှင့် လင်းခေးခရိုင်ဥက္ကဋ္ဌတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂၂ ရက်က ကျောက်တန်းမြို့နယ် ကန်ပြောင်ကျေးရွာ အမက (မူလွန်)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာဦးက ပထမတန်းမှ ပထမဆုရ မသက်ထက်ဇူလိုင်မြင့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဇန်နဝါရီ ၂၂ ရက်က မြောင်းမြ မြို့အမှတ်(၂၀)အမက(မဟီယင်္ဂဏ)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် စတုတ္ထတန်းမှ အခန်းဆုံးစစ်ဆေးခြင်းများတွင် ပညာရည်ချွန် ပထမဆုရရှိသော ကျောင်းသူမခင်ဇာသိမ့်အား ကျောင်းအုပ်ဆရာကြီး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြို့ပင်ကောက်မြို့ အရှေ့လမ်းမတော် ကတ္တရာလမ်းသစ်ဖွင့်

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အရှေ့လမ်းမတော် ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ကတ္တရာလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၅၈သိန်း အကုန်အကျခံဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

ကညွတ်ကွင်း ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်းဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ ပညာရည်မြှင့်တင်ရေးကော်မတီသို့ ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ကညွတ်ကွင်းကွင်းနောက်ရုံး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆင်းရဲပြီး ပညာထူးချွန်ကြသောတက္ကသိုလ်တက်ရောက်နေကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ငွေပဒေသာပင် ကျပ် ၁၀သိန်းကို မန္တလေးမြို့မှ ဒို့ညီနောင်ဘွားကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဘကျော်နှင့် ဦးအေးလွင်တို့က လှူဒါန်းရာ ပညာရည်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဆရာ ဦးတင်စိန်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်တို့ လက်ခံယူသည်။

(၅၂၁)

ကျန်းမာရေးပညာပေးဟောပြော

တောင်ငူ ဖေဖော်ဝါရီ ၁၇

တောင်ငူခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကျန်းမာရေးပညာပေးဟောပြောပွဲနှင့် အမိုက်ပုံးများ ပေးအပ်လှူဒါန်းပွဲကို တောင်ငူအထက (၄)နှင့် အလက (၂)ကျောင်းများတွင် ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သိန်းရီက အမှိုက်ပုံးများကို ပေးအပ်သည်။

အခမ်းအနားများတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သိန်းရီက အမှာစကားပြောကြားပြီး ဒေါက်တာဒေါ်ခင်ဆွေဦးနှင့် ဒေါက်တာ ဒေါ်ခင်လေးရီတို့က ကျန်းမာရေးပညာပေးဟောပြောကြသည်။

အခမ်းအနားသို့ခရိုင်မြို့နယ်ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအမှုဆောင်နှင့်အသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ (၄၇၂)

မြို့နယ် သတင်းများ

ခြံစည်းရိုးကြက်ဆူကိုင်းဖြတ်စိုက်ပျိုး

တံတားဦး ဖေဖော်ဝါရီ ၂၀

တံတားဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲကို အဖွဲ့ပိုင်လမ်းဖြစ်သည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)လမ်းပေါ်တွင် အပင်ပေါင်း ၁၆၆၀၀ ပင်များကို အကွာအဝေး သုံးမိုင် လေးဖာလုံအထိ ကိုင်းဖြတ်ထိုးနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့သည်။ **(နယ်စပ်/စည်ပင်)**

ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း ဒုတိယအကြိမ် အာစရိယပူဇော်မည်

ဖျာပုံ ဖေဖော်ဝါရီ ၂၂

ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း (ယခင်ရုပ်တိတ်ကျောင်း)၌ ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက်တွင် အလက(၁) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများမှ အလှူငွေများကို အလက(၁)ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၆၇၀၊ ဦးမောင်မောင်ဦး ဖုန်း-၀၄၅-၄၀၁၀၂၊ ဦးရဲမျိုးထွဋ် ဖုန်း-၀၄၅-၄၀၁၉၃၊ ဒေါ်စန်းစန်းယု ဖုန်း-၀၄၅-၄၀၁၆၈နှင့် ရန်ကုန်မြို့ ဦးဝင်းထွဋ် ဖုန်း-၀၁-၅၃၇၀၇၄၊ ဦးစိုးနိုင်-ဒေါ်ထားထားမျိုး ဖုန်း-၀၁-၂၇၃၀၃၆၊ ကိုနိုင်နိုင်ဝင်း ဖုန်း-၀၉၉-၅၅၃၂၇၊ ကိုအောင်သူဟိန်း ဖုန်း-၀၁-၂၂၁၆၃၈ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၁၆၈)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ကျေးလက် (လမ်း) လုပ်ငန်းဖြစ်သော တာချီလိတ်မြို့ ဝှေလေလန်-ပါလိုင် ကျေးလက် လမ်းကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအား

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်လွင်နှင့် အင်ဂျင်နီယာမှူးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ညှိသည်တော်သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် VCD တိပ်ခွေ လက်ဆောင်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ပြီးနောက် ပြန်လည်ထွက်ခွာကြမည့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Wyoso Prodjowarsito နှင့် ဇနီးနှင့် သံရုံးအဖွဲ့ဝင်များကလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၅၀တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်

စာမျက်နှာ ၃ ကော်လံ ၃ သို့ ●

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီတို့ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ပြည်သူ့ဥယျာဉ်၌ ခရေပင် စိုက်ပျိုးပေးပြီး ရေသွန်းလောင်းပေးကြစဉ်။

(သတင်း–၈) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(3-3)20.P65 1 1/5/32, 3:59 AM